www.burmeseclassic.com

စံလှစာပေတိုက်




အာဇာနည်သွေး(ဆရာစံမြေ) စုစည်းတင်ပြသည်။

# ဗိုလ်ချုပ်အောင်ဆန်း နှင့် ကြိုးပေးခြင်းခံရသော ဂဠုန်ဦးစော

www.burmeseclassic.com

www.burmeseclassic.com

ဦးနေမျိုး (နေမျိုးစာပဒေသာ) ထုတ်ဝေခွင့်အမှတ် (၀၄၀၅၈) မှ ထုတ်ဝေ၍
ဦးဆန်းနိုင် (စိုးမိုးမိတ်ဆက်ပုံနှိပ်တိုက် - မြဲ ၀၂၂၀၉) မှ ပုံနှိပ်သည်၊
စံလှစာပေတိုက်၊ အမှတ် ၁၈၆၊ ၂၉လမ်း၊ ရန်ကုန်မြို့မှ ဖြန့်ချိသည်၊
၂၀၁၃၊ ဧပြီလ - ပထမအကြိမ်
Design by Mee Mee (Mastercolor)
အုပ်ရေ ၁၀၀၀
တန်ဖိုး ကျပ်

အာဇာနည်သွေး (ဆရာစံမြေ) ၉၂၃.၂
ဗိုလ်ချုပ်အောင်ဆန်းနှင့်ကြိုးပေးခြင်းခံရသော ဂဠုန်ဦးစော
အာဇာနည်သွေး (ဆရာစံမြေ)
နေမျိုးစာပဒေသာ၊ ၂၀၁၃ ဧပြီလ
၁၆၈ - စာ၊ ၁၂.၆၈ x ၁၇.၇၅ စင်တီ

# ဗိုလ်ချုပ်အောင်ဆန်း
# နှင့်
# ကြိုးပေးခြင်းခံရသော ဂဠုန်ဦးစော

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


- ဂျွန်ဦးစောဆိုသည်မှာ ၂၅
- ဂျွန်ဦးစောနှင့် ဒေါက်တာဘမော် ၃၃
- ဂျွန်ဦးစောနှင့် မြန်မာနိုင်ငံရေး ၃၇
- နန်းရင်းဝန်ဂျွန်ဦးစောနှင့် အစိုးရအဖွဲ့ ၄၇
- ဂျွန်ဦးစော၏နိုင်ငံရေးလှုပ်ရှားမှု ၅၃
- ဒုတိယကမ္ဘာစစ် ၅၉
- ရဲဘော်သုံးကျိပ်နှင့်မြန်မာ့လွတ်လပ်ရေး ၆၉
- ဂျပန်လက်အောက်မြန်မာ့နိုင်ငံရေး ၇၅
- ဂျပန်အပြီးအင်္ဂလိပ်အဝင် မြန်မာ့နိုင်ငံရေးအခြေအနေ ၈၃
- ဒေါမန်စမစ်ဗိုလ်ချုပ်အောင်ဆန်းနှင့်ဂျွန်ဦးစော ၉၁
- မြန်မာ့လွတ်လပ်ရေး ၉၅
- ဂျွန်ဦးစော၏ အကြံ ၁၁၅
- ဂျွန်ဦးစော၏ သွားရာလမ်း ၁၂၇
- တည်ဆဲဥပဒေအရ တရားစီရင်ခြင်း ၁၃၅
- တိုယ်တွေ့ကြုံရသော သက်သေများ ၁၄၅
- စီရင်ချက် ချမှတ်ခြင်း ၁၅၅
- ကြိုးပေးခြင်း ခံရသော ဂျွန်ဦးစောနှင့် အပေါင်းအပါများ ၁၅၉


www.burmeseclassic.com

www.burmeseclassic.com

## လုပ်ကြံခြင်းခံရ၍ကျဆုံးသွားသောအာဇာနည်ခေါင်းဆောင်ကြီး(၉)ဦး



ဗိုလ်ချုပ်အောင်ဆန်း



သခင်မြ



ဒီးဒုတ်ဦးဘချို



ဦးရာဇတ်



မန်းဘခိုင်



စဝ်စံထွန်း



ဦးဘဝင်း




ဦးအုန်းမောင်



ရဲဘော်ကိုထွေး

www.burmeseclassic.com

www.burmeseclassic.com



ဦးစော၏လုပ်ကြံမှုကြောင့်ကျဆုံးသွားသော
နိုင်ငံတော်ခေါင်းဆောင်ကြီးများ၏ ဈာပနအခမ်းအနား

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းနှင့်ဂဠုန်ဦးစောတို့ အတူတွေ့ရစဉ်





ဂဠုန်ဦးစော ၏အပြုံး

www.burmeseclassic.com

www.burmeseclassic.com



ဂဠုန်ဦးစော အား အင်းစိန်ထောင်အတွင်း အထူးခုံရုံးတွင်စစ်ဆေးစဉ်



ဂဠုန်ဦးစော ဝန်ကြီးချုပ်ဟောင်းအား တရားခွင်တွင် တွေ့ရပုံ

www.burmeseclassic.com

www.burmeseclassic.com



ဂဠုန်ဦးစောပုံ



War World II London, England (1941)
at the Dorchester Hotel.

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြံမှုတွင် ပြစ်မှုကျူးလွန်သူများ
မောင်စိုး၊သက်နှင်း၊စိန်ကြီးနှင့်ရန်ကြီးအောင်



လုပ်ကြံမှုတွင် ပြစ်မှုကျူးလွန်သူများ
သုခ၊ခင်မောင်ရင်၊မောင်နီနှင့်မှုန်ကြီးတို့အား တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်လုပ်ကြံမှုတရားခံ ဦးစော




ဦးစောအတွက် လန်ဒန်မှ ရောက်လာ၍ လိုက်ပါဆောင်ရွက်ခဲ့သော
ဝတ်လုံမစ္စတာ ကားဘစ်ဘက်နက်

www.burmeseclassic.com

www.burmeseclassic.com



အာထူးရာဇဝတ်ခုံရုံးဥက္ကဋ္ဌ ဦးကျော်မြင့်နှင့်အဖွဲ့ဝင်များဖြစ်ကြသော
ဦးအောင်သာကျော်၊ ဦးစီဘူးတို့ ရုံးထိုင်ရန် တရားခွင်သို့ လာကြစဉ်



မြန်မာပြည်စစ်ပြေးဘုရင်ခံ ဆာရက်ဂျီနယ်ဒေါမန်စမစ်း

www.burmeseclassic.com

www.burmeseclassic.com



ဂျွန်ဦးစော၏ပင်ကိုယ်ဟန်



ဂျွန်ဦးစောအား ကြိုးပေးကွပ်မျက်စဉ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

## ဂျွန်ဦးစော ဆိုသည်မှာ

ဂျွန်ဦးစောသည် သာယာဝတီနယ် ဇာတိဖြစ်ပြီး သာမန်အခြေအနေမှ နန်းရင်းဝန် ရာထူးအထိ တက်လှမ်းနိုင်ခဲ့သူ ဖြစ်သည်။

ထိုအချိန်က

သူ့ကျွန်ဘဝ မြန်မာ့နိုင်ငံရေးနယ်ပယ်တွင် အင်္ဂလိပ်စာတတ်၊ ပေတတ်များသာ ထွန်းကားနေသောအချိန်၊ ဗီလပ်ပြန်ဝတ်လုံများ၊ တက္ကသိုလ်ဘွဲ့ရများ၊ အင်္ဂလိပ်စာတတ်၊ အင်္ဂလိပ်စကားပြောတတ်၊ ရေးတတ်သူများ ထင်ပေါ်နေသောအချိန်တွင် ဂျွန်ဦးစော သည် ခုနစ်တန်းပင်မအောင်၊ အောက်တန်းရှေ့နေ လက်မှတ်ကိုသာ ရရှိထားသူဖြစ်သည်။

သို့ရာတွင်

ဂျွန်ဦးစောသည် အလိုကြီးသည်၊ လုံ့လဝီရိယ ရှိသည်၊ ဖွဲ့ရှိသည်၊ ပြောရဲဆိုရဲသည်၊ အခွင့်အရေးကို မြင်တတ်၊ ယူတတ်သည်။ အစပထမတွင် နိုင်ငံရေးသမား မဟုတ်သေးသော ဦးစောသည် နိုင်ငံရေးသမား ဖြစ်ရန် အတွက် နိုင်ငံရေး

www.burmeseclassic.com

www.burmeseclassic.com



နယ်ပယ်တွင် ခြေကုတ်ရရှိရန် လမ်းအမျိုးမျိုး ရှာသည်။ သာယာဝတီနယ်သားဆိုသည့် အရှိန်အဝါဖြင့် သာယာဝတီကောင်စီတွင် အရွေးခံသည်။

ထို့မှတဆင့်

သာယာဝတီနယ်မှပင် မင်းတိုင်ပင်အမတ်အဖြစ် အရွေးခံရသည်။

ထို့နောက်

ဆရာစံ ခေါင်းဆောင်သော တောင်သူလယ်သမားတော်လှန်ရေးတွင်၊ ဂဠုန်အဖွဲ့ဝင်ကာ တောင်သူလယ်သမားတို့ကို ပစ်ခတ်နှိမ်နင်းသော အစိုးရကို မကြောက်မရွံ့ဝေဖန်တိုက်ခိုက်ခဲ့သဖြင့် နာမည်ကြီးလာခဲ့သည်။

သို့သော်

လိမ်မာပါးနပ်သော၊ အကြံကြီးသော၊ အမြော်အမြင်ရှိသော ဦးစောသည် တော်လှန်ရေးကို ပွင့်ပွင့်လင်းလင်း မထောက်ခဲ့ပေ။

ဤသို့ဖြင့်

ဆရာစံကြိုးပေးအသတ်ခံရပြီးနောက် တောင်သူလယ်သမားအရေးတော်ပုံပြီးဆုံးသွားသောအခါ မြန်မာ့



လွတ်လပ်ရေးကို အထောက်အကူပြုမည့် တို့ဗမာအစည်းအရုံးများ ပေါ်ပေါက်ခဲ့သည်။

တို့ဗမာအစည်းအရုံး၏ တိုက်တွန်းနှိုးဆော် ချက်စာမှာ -

ဗမာပြည်သည် - တို့ပြည်၊

ဗမာစာသည် - တို့စာ

ဗမာစကားသည် - တို့စကား

ဗမာပြည်ကို ချစ်ပါ

ဗမာစာကို ချီးမြှင့်ပါ

ဗမာစကားကို လေးစားပါ

စသည်တို့ ဖြစ်သည်။

၁၉၃၀ခုနှစ်မှစ၍ စတင်တည်ထောင်ခဲ့သော တို့ဗမာအစည်းအရုံးထဲကို နောင်တခေတ်တွင် မြန်မာ့လွတ်လပ်ရေးကို ရယူပေးမည့်အာဇာနည် ခေါင်းဆောင်လောင်းများ၊ စိတ်အားထက်သန်စွာဖြင့် ဝင်ရောက်လာ ခဲ့ကြသည်။

တို့ဗမာအစည်းအရုံးဝင်များသည် အိန္ဒိယနှင့် ဗြိတိသျှနိုင်ငံတွင်ရှိသော ကွန်မြူနစ်ဝါဒ အသင်းအဖွဲ့များနှင့်

www.burmeseclassic.com

www.burmeseclassic.com



စာပေး၊ စာယူ ပြုလုပ်ခဲ့သည်။

ထို့နောက်

ဗြိတိသျှနိုင်ငံရှိ ကွန်မြူနစ်အသင်း၊ နယ်ချဲ့ဝါဒတိုက်ဖျက်ရေးအသင်း၊ ဆိုဗီယက်ပြည်ထောင်စု၏ ရဲဘော်များအသင်း၊ အိန္ဒိယနယ်ရှင်နယ် ကွန်ဂရက်အသင်း၊ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူမဟာဘာသာ(ဆဗ္ဗ)အသင်း၊ မဒရပ်မြို့ရှိအစိုးရမဆက်ဆံရေးအသင်းများနှင့် အဆက်အသွယ်ရှိခဲ့ သည်။

ဤသို့ဖြင့်

၁၉၃၃ခုနှစ်တွင် အင်္ဂလန်ပြည်မှာရှိသော မြန်မာကျောင်းသားများသမဂ္ဂအသင်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအသင်းတို့ ဆက်သွယ်မိကြလေသည်။

တို့ဗမာအစည်းအရုံးသည် သူ့ကျွန်ဘဝလွတ်မြောက်အောင်၊ တစ်နိုင်ငံလုံးမျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်အောင် တို့ဗမာခုနှစ်ရက်တစ်ပတ်သထင်းစာ၊ တို့ဗမာသတင်းစဉ်မှတ်တမ်း စသည်များကို ထုတ်ဝေပြီး စဉ်ဆက်မပြတ်လှုံ့ဆော်ရေးသားခဲ့သည်။

ထို့သို့

တို့ဗမာ အစည်းအရုံးသည် မြန်မာ့လွတ်လပ်ရေး



အတွက် အရှိန်အဟုန်ပြင်းစွာ ဆောင်ရွက် နေချိန်တွင် မြန်မာနိုင်ငံတွင် တွဲရေး၊ ခွဲရေး ပြဿနာ ပေါ်လာခဲ့သည်။

တွဲရေး၊ ခွဲရေးဆိုသည်မှာ ဗြိတိသျှဝန်ကြီးချုပ်မက္ကဒေါ်နယ်က မြန်မာပြည်သည် အိန္ဒိယ လက်အောက်ခံအဖြစ်ထားရာမှ၊ အိန္ဒိယနှင့် ခွဲ၍နေလိုသလော၊ သို့မဟုတ် တွဲပြီး နေလိုသလော ဟုဆိုကာ မဲဆန္ဒဖြင့်ဆုံးဖြတ်ရန်အတွက် ရွေးကောက်ပွဲ ကျင်းပစေခြင်းဖြစ်သည်။

ထိုအခါ

ဂဠုန်ဦးစောသည် ခွဲရေး၊ တွဲရေး အမတ်ရွေး ကောက်ပွဲတွင် အခွဲဘက်မှ အရွေးခံပြီးနောက် ၁၉၃၆ ခုနှစ်ရွေးကောက်ပွဲအမှီ မျိုးချစ်အဖွဲ့ဟူ၍ ဖွဲ့စည်းပြီးရွေးကောက် ပွဲကိုဝင်ခဲ့သည်။

၎င်းမျိုးချစ်အဖွဲ့တွင်-

၁။ ပုသိမ်အနောက်ပိုင်းအသုတ် ဦးအောင်သာ

၂။ ပုသိမ်အနောက်ပိုင်း ဦးဘအုန်း

၃။ ဟင်္သာတမြောက်ပိုင်း ဂဠုန်ဦးစော

၄။ ဟင်္သာတအလယ်ပိုင်း ဦးအိမ်

၅။ ဟင်္သာတအနောက်ပိုင်း ဦးမြ

www.burmeseclassic.com

www.burmeseclassic.com



၆။ ပဲခူးအလယ်ပိုင်း ဦးစိန်ဝင်း

၇။ ပြည်အနောက်ပိုင်း ဦးလူဝ

၈။ သာယာဝတီအလယ်ပိုင်း အုတ်ဖို ဦးဘရင်

စသည့်အဖွဲ့ဝင်များ ဖြစ်ကြသည်။

နောက်ပိုင်းတွင်

မြစ်ကြီးနားဦးဘမောင်စသော တသီးပုဂ္ဂလ အမတ်များပါ မျိုးချစ်တပ်ဖွဲ့ထဲကို ဝင်ကြသဖြင့် အမတ်ပေါင်း တစ်ဆယ့်လေးယောက်ဖြင့် ပါလီမန်တွင် မျိုးချစ်အဖွဲ့ဟူပြီး ထင်ရှားလာခဲ့သည်။

ဂဠုန်ဦးစောသည် အပျော်တမ်းဂဠုန်တပ်ဖွဲ့တွင် သူကိုယ်သူဗိုလ်ချုပ်အဖြစ်ခံယူ၍ ရန်ကုန်မြို့နှင့် ၄င်းသြဇာ ပျံ့နှံ့ရာ နယ်မြေများတွင် ဂဠုန်တပ်ဖွဲ့များကို ဖွဲ့စည်း၍ ကာကီ ရောင်ဝတ်စုံများနှင့် ဝါးရင်းတုတ်ရှည်များကို ကိုင်ဆောင်စေကာ စစ်ရေးလေ့ကျင့်စေသည်။

ထိုအချိန်က

ဂဠုန်ဦးစော၏ ဂဠုန်တပ်များလိုပင် တို့ဗမာအစည်းအရုံးကလည်း အပျော်တမ်းတပ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ တို့ဗမာအစည်းအရုံး၏ အပျော်တမ်းတပ်ဖွဲ့သည် ပင်နီဝတ်စုံကို ဝတ်ဆင်သည်။ ထိုတပ်ဖွဲ့၏ ရည်ရွယ်ချက်မှာ အခြားတပ်ဖွဲ့များတွင်ရှိသော အကျင့်စာရိတ္တကောင်းမွန်ရေး၊ စည်းကမ်းသေဝပ်ရေးအပြင် ဗမာပြည်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် စစ်စိတ်၊ စစ်မာန် မွေးမြူရန်ဟူသော အချက်များပါဝင်ခဲ့သည်။



ဂဠုန်ဦးစောနှင့် ခေတ်ပြိုင် ဒေါက်တာဘမော် ကလည်း ဆင်းရဲသားဝံသာနုအဖွဲ့ကို ဖွဲ့စည်းပြီး ဒေါက်တာဘမော်ကိုယ်တိုင် ဗိုလ်ချုပ်အဖြစ် ဆောင်ရွက် ခဲ့သည်။

ထို့နောက်

ဒေါက်တာဘမော်သည် ရန်ကုန်မြို့နှင့် ၎င်းသြဇာပျံ့နှံ့ရာနယ်ပယ်များတွင် အပျော်တမ်းဓါးမ တပ်ဖွဲ့များကို ဖွဲ့စည်းခဲ့သည်။ ဓါးမတပ်ဖွဲ့၏သင်္ကေနှင့် ဝတ်စုံမှာ ခေါင်းတွင် ပင်နီဦး ထုတ်အပျော့သုံးမြှောင့်၊ အလယ် တွင် ဓါးမပုံနှင့်တံဆိပ်ကိုတပ်လျက် ဆောင်း ကာ၊ ပင်နီရှပ် လက်တို၊ ဘောင်းဘီအပြာနှင့်ဝတ်စုံများကို ဝတ်ဆင်၍ စစ်ရေးလေ့ကျင့်စေသည်။

နယ်ရှိဓါးမတပ်တို့မှာ တောင်သူလယ်သမား ဓါးခမောက်နှင့်ပုဆိုးတိုတိုဝတ်ဆင်ကာ အမှန်တကယ်ယာခုတ်သော ဓါးမများကို ကိုင်ဆောင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

## ဂဠုန်ဦးစောနှင့် ဒေါက်တာဘမော်

တွဲရေး၊ ခွဲရေးနှင့် ပတ်သက်ပြီး ဂဠုန်ဦးစောနှင့် ဒေါက်တာဘမော်တို့သည် ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သမဂ္ဂတွင် ထိပ်တိုက်တွေ့ဆုံခဲ့ကြဖူးသည်။

ထိုအချိန်က

ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂက ကြီးမှူးပြီး အိန္ဒိယမှ မြန်မာပြည်ကို ခွဲထွက်ရေး၊ မထွက်ရေး၊ ခေါင်းစဉ်ဖြင့် စကားရည်လုပွဲကြီး တစ်ခုကျင်းပလေသည်။

ထိုစကားရည်လုပွဲတွင် ခွဲရေးဘက်မှ ဂဠုန်ဦးစောနှင့် မော်လမြိုင်ရှေ့နေအသင်းမှ ဦးထွန်းဝင်းတို့ ဝင်ပြိုင်ကြပြီး၊ တွဲရေးဘက်မှ ဒေါက်တာဘမော်နှင့် ဒေါက်တာဘဟန်တို့ ပြိုင်ကြသည်။

အမှန်ပြောရလျှင် ဂဠုန်ဦးစောတွင် လူ့အထင်ကြီးစရာပညာအရည်အချင်းမရှိသော်လည်း အင်္ဂလိပ်စကားကို သူတစ်ပါးနားလည်အောင်ပြောနိုင်သည်။

အင်္ဂလိပ်စာတွင် အလွန်ထူးချွန် ပြောင်မြောက်သူများဟု နိုင်ငံရေး လောကသားအားလုံးက အသိအမှတ်ပြုခံထား

www.burmeseclassic.com

www.burmeseclassic.com



ရသော ဒေါက်တာဘမော်တို့ ညီအစ်ကိုနှစ်ယောက်တို့ ယှဉ်ပြိုင်ခြင်းမှာ အလွန်သတ္တိကောင်း၍ပင် ဖြစ်သည်။

ထိုစကားရည်လုပွဲတွင် ဂျွန်ဦးစောသည် ပြောင်မြောက်စွာပြောဆိုနိုင်ခဲ့သဖြင့် ကျောင်းသားများက ဦးစောကို သဘောကျကြသည်။

ထိုသို့ သဘောကျခြင်းမှာလည်း ဦးစောကို အင်္ဂလိပ်စကားပြောကောင်း၍ သဘောကျခြင်း မဟုတ်ဘဲ သူတတ်သော အင်္ဂလိပ်စကားပြော အရည်အချင်းဖြင့် မထိတထိ၊ စောင်းချိတ်ပြီး၊ ပုံတိုပတ်စများနှင့် ထိထိမိမိပြောဆိုတတ်သောကြောင့် ဖြစ်သည်။ ဦးစော စကားပြောသည့်အခါတွင် ကြားဖြတ်၍ နှောက်ယှက်သူများ ရှိကြပေသည်။

သို့သော်

ဦးစောသည် အနှောက်အယှက်များကို တည်တည်ငြိမ်ငြိမ်ရင်ဆိုင်ပြီး လိုရင်းရောက်တဲ့အထိ ဆက်ပြောနိုင်ခဲ့သည်။

ထိုအရာသည် ဦးစော၏အရည်အချင်းပင်ဖြစ်သည်။

ဦးစောလိုပင် ဒေါက်တာဘမော်ပြောသည့်အခါတွင်



ကျောင်းသားများက လှောင်ပြောင်ကြသည်။ "ရှက်ဖွယ်၊ ရှက်ဖွယ်" ဟူ၍လည်း အော်ဟစ်ကြသည်။

ထိုအခြေအနေကို အခွင့်ကောင်းယူတတ်သော ဦးစောသည် ကျောင်းသားများအော်ဟစ်နေသည့်အချိန်တွင် နေရာက ဝုန်းကနဲ 'ထ' ကာ 'ခင်ဗျားတို့ကသာ ရှက်ဖွယ်၊ ရှက်ဖွယ် အော်နေကြတယ်၊ သူကအရှက်ရှိတဲ့ လူမဟုတ်တာ' ဟု ပရိသတ်ကပြောလိုက်ရာ ဒေါက်တာဘမော်သည် အငိုက်မိသွားကာ ပြန်လည်၍ မချေပနိုင်တော့ပေ။

ကျောင်းသားများကတော့ ဦးစောစကားကို သဘောကျပြီး ဝါးလုံးထိုး ရယ်မောကြသည်။

ဤသို့ဖြင့် ထိုစကားရည်လုပွဲတွင် ဦးစောသည် အလွန်သတ္တိကောင်းသူတစ်ယောက် ဖြစ်ကြောင်း တက္ကသိုလ်ကျောင်းသားများက အသိအမှတ်ပြုလိုက်ကြသည်။

အမှန်တွင်

ဦးစောသည် ထိုးထွင်းဉာဏ်ကောင်းသော နိုင်ငံရေးသမားတစ်ယောက်သာမက၊ အလွန်ပရိယာယ်ကြွယ်သူ၊ ပွဲကျအောင်ပြောနိုင်သူ ၊ အခြေအနေကို အခွင့်ကောင်းယူတတ်သူ တစ်ယောက် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

## ဂျွန်ဦးစောနှင့် မြန်မာနိုင်ငံရေး

တွဲရေး၊ ခွဲရေး ရွေးကောက်ပွဲအပြီးတွင် ဒေါက်တာဘမော်သည် ညွန့်ပေါင်းအစိုးရကို ဖွဲ့နိုင်ခဲ့သဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံး နန်းရင်းဝန် (ဝန်ကြီးချုပ်) ဖြစ်လာခဲ့သည်။

ထိုအချိန်က

မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲထုတ်လိုက်သည့် အချိန်ဖြစ်သည်။ ဒေါက်တာဘမော်ညွန့်ပေါင်းအစိုးရအဖွဲ့သည် မိမိတို့ရရှိသော အာဏာလေးဖြင့် တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက်လေသည်။

သို့သော်

ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရလက်ထက်တွင် မြန်မာနိုင်ငံရေးလောက၌ ဆူပူလှုပ်ရှားမှုများနှင့် ကြုံတွေ့ခဲ့ရသည်။

ထို့အပြင်

၁၉၃၈ ဇူလိုင် ၂၆ရက်နေ့တွင် မော်လမိုင်နှင့် သြဝါဒ စာတမ်းအမည်ရှိသော စာအုပ်နှင့်ပတ်သက်၍ ရန်ကုန်မြို့မှ

www.burmeseclassic.com

www.burmeseclassic.com



စတင်ကာ ဗုဒ္ဓဘာသာ၊ မွတ်စလင် အဓိကရုဏ်းကြီး ဖြစ်ပွားခဲ့သည်။

ထိုကုလားဗမာ အဓိကရုဏ်းကြီးကြောင့် ဒေါက်တာဘမော်ညွန့်ပေါင်း အစိုးရအဖွဲ့ကို ကုလားဘက်တော်သားများဟု စွပ်စွဲကြသည်။

ထို့ကြောင့်

ကုလားဗမာ အဓိကရုဏ်း ဖြစ်ပွားနေသည့်အချိန်တွင် ၁၉၃၈ခုနှစ်၊ ဩဂုတ်လ ၂၆ရက်နေ့ တွင် ငါးပွင့်ဆိုင်အဖွဲ့မှ ဒေါက်တာဘမော် အစိုးရအဖွဲ့အား အယုံအကြည်မရှိသော အဆိုကိုတင်သွင်းပြီး ဖြုတ်ချဖို့ ကြိုးစားခဲ့သည်။ သို့သော်မအောင်မြင်ခဲ့ပေ။

ရေနံသပိတ်မှ အစပြုပြီး ဆန္ဒပြမှုကြောင့် ကျောင်းသားခေါင်းဆောင်ကိုအောင်ကျော် ကျဆုံးချိန်တွင် ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရကို ဖြုတ်ချရန်အတွက် ကျောင်းသားများ၊ ရဟန်းပျိုများက တရှိန်ထိုး လုပ်ဆောင်ကြလေသည်။

ထိုအချိန်တွင်

ဒေါက်တာဘမော်၏ ပြိုင်ဘက်ရန်သူ ဖြစ်သည့်



ဂဠုန်ဦးစောအတွက် ကိုယ်တိုင်မဖန်တီး ရသော အခွင့်အရေးတစ်ရပ်ဖြစ်ခဲ့သည်။ အကြံကြီးသော ဂဠုန်ဦးစောသည် နိုင်ငံရေးမတည်မငြိမ်ဖြစ်နေမှုကို အခွင့်ကောင်းယူပြီး မြန်မာမြေပိုင်ရှင်ကြီးများ၊ အိန္ဒိယတိုင်းရင်းသားများ၊ ဥရောပတိုက်သားများ၊ နိုင်ငံခြားသားအရင်းရှင်နှင့် ယေ်ရွယ်သည့်ကျောင်းသားလူထုကို လှုံဆော်စည်းရုံးခဲ့သည်။

ထို့နောက်

ဂဠုန်ဦးစောသည် ဒေါက်တာဘမော်၏ အယုံအကြည်မရှိသော အဆိုကို ၁၉၃၉ခုနှစ်၊ ဖေဖော် ဝါရီလ (၁၂) ရက်နေ့တွင် လွှတ်တော်ကို တင်သွင်းခဲ့သည်။

ဤသို့ဖြင့်

ဂဠုန်ဦးစောတင်သွင်းသော "ညွန့်ပေါင်းအစိုးရကို အယုံအကြည် မရှိ" အဆိုကို လွှတ်တော်၌ မဲခွဲဆုံးဖြတ်ရာ ဂဠုန်ဦးစော၏ အယုံအကြည်မရှိ အဆိုဘက်မှ မဲ ၇၀၊ ဒေါက်တာဘမော်၏ အစိုးရဘက်မှ ၃၇မဲဖြင့် ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရ ပြုတ်ကျသွားခဲ့သည်။

ဂဠုန်ဦးစောသည် နိုင်ငံရေးပရိယာယ် ကြွယ်ဝပြီး အခွင့်အရေးကို ထိထိမိမိအသုံးချ တတ်သူဖြစ်သည်။

www.burmeseclassic.com



ထို့ကြောင့်

ဒေါက်တာဘမော်တို့၏ ညွန့်ပေါင်းအစိုးရ ပြုတ်ကျသွားပြီး နောက်တွင် ဦးပု ဦးဆောင်သည့် ညွန့်ပေါင်းအစိုးရ တတ်လာသည်

နန်းရင်းဝန်ဖြစ်လာသော ဦးပုကို ၁၈၈၁ခုနှစ်၊ ဒီဇင်ဘာ ၁၅ရက်နေ့၊ ကြာသပတေးနေ့တွင် ရွှေကျင်မြို့၌ ဖွားမြင်ခဲ့သည်။ ဖခင်ဖြစ်သူမှာ သစ်ကုန်သည်ဦးသာဇံဖြစ်ပြီး၊ မိခင်ဖြစ်သူမှာ အင်ဖြူဖြစ်သည်။ နန်းရင်းဝန်ဖြစ်လာသော ဦးပုသည် ရွှေကျင်အစိုးရ အလယ်တန်းကျောင်း၊ ရန်ကုန်အစိုးရ ဟိုက်စကူးကျောင်း၊ ရန်ကုန်ကောလိပ်နှင့် အင်္ဂလန်ပြည်နယ်၊ လန်ဒန်မြို့မစ်ဒန်တန်ပယ်ဥပဒေကျောင်းတို့တွင် ပညာဆည်းပူးခဲ့သည်။

ဦးပုသည် ၁၈၉၄ခုနှစ်တွင် ရွှေကျင်မြို့ အစိုးရ အလယ်တန်းကျောင်းမှ သတ္တမတန်းကို စကောလားရှစ်ဖြင့် အောင်မြင်ခဲ့သည်။ ထို့နောက် ရန်ကုန်အစိုးရ ဟိုက်စကူးကျောင်းကို ပြောင်းရွှေ့ပညာသင်ရာ ၁၈၉၉ခုနှစ်တွင် ရနောင်းဆုတံဆိပ် ချီးမြှင့်ခံခဲ့ရသည်။ ၁၈၉၉ခုနှစ်တွင် မက်သရစ်စာမေးပွဲကို အောင်မြင်ခဲ့သည်။ ၁၉၀၃ ခုနှစ်တွင် ရန်ကုန်



ကောလိပ်မှ BA ဘွဲ့ရသည်။ ၁၉၀၅ခုနှစ်တွင် ဥပဒေပညာသင်ရန် အင်္ဂလန်ကို သွားခဲ့သည်။ ၁၉၀၈ခုနှစ်တွင် လန်ဒန်မြို့ မစ်ဒန်တန်ပယ်လ် ဥပဒေကျောင်းမှ ဘားအက်သော ဝတ်လုံဘွဲ့ကို ရခဲ့သည်။ ဦးပုသည် လန်ဒန်၌ ဥပဒေ ပညာကို သင်ကြားနေစဉ် နိုင်ငံရေးပညာနှင့် ပါလီမန် အကြောင်းတို့ကို လေ့လာခဲ့သည်။ ၁၉၀၆ခုနှစ်က တည် ထောင်ခဲ့သော လန်ဒန်ဗုဒ္ဓဘာသာ အသင်း၌ ပါဝင်ခဲ့သည်။ ၁၉၀၈ခုနှစ်တွင် မြန်မာပြည်ကို ပြန်လာခဲ့သည်။

မြန်မာနိုင်ငံရေးလောကတွင် ဦးပု နှစ်ဦးရှိရာ ခွဲခွဲခြားခြားသိရန်အတွက် မြို့နယ်များကို အစွဲပြုပြီး ယခုနန်းရင်းဝန်ဖြစ်သောဦးပုကို ရွှေကျင်ဦးပု ဟုခေါ်လေသည်။ အခြားဦးပု တစ်ယောက်မှာ တတိယ တန်းရှေ့နေ သာယာဝတီဦးပု ဖြစ်သည်။

နန်းရင်းဝန်ဖြစ်လာသော ဦးပုသည် မြန်မာပြည်ကို ပြန်ရောက်ချိန်၊ ၁၉၀၈ခုနှစ်မှ ၁၉၂၃တိုင် ဝတ်လုံတော်ရ အဖြစ်ဆောင်ရွက်၍ ဂျီစီဘီအေ(ခေါ်) မြန်မာ့အသင်းချုပ်ကြီးကို ဦးဆောင်ခဲ့သည်။

ထို့အပြင်

www.burmeseclassic.com

www.burmeseclassic.com



၁၉၁၂ခုနှစ် သူရိယသတင်းစာ ဒါရိုက်တာအဖွဲ့ဝင် အဖြစ်၎င်း၊ ဥပဒေအကြံပေးအဖြစ်၎င်း၊ ၁၉၁၉ခုနှစ် ပထမဆုံး ဘီလပ်သွားသော မြန်မာကိုယ်စားလှယ် (ဖေ၊ပု၊ရှိန်)အဖွဲ့တွင် ခေါင်းဆောင် အဖြစ်၎င်း၊ ၁၉၂၀ ခုနှစ်တွင် ဒုတိယအကြိမ် ဘီလပ်ပြန် မြန်မာကိုယ်စားလှယ်အဖွဲ့ (ဦးဘစော၊ ဦးပု၊ ဦးသိမ်းမောင်) အဖွဲ့တွင်ခေါင်းဆောင်အဖြစ်၎င်း၊ ၁၉၂၀ ခုနှစ်တွင် အမျိုးသားပညာရေးအဖွဲ့ချုပ်ကောင်စီ၊ အမျိုးသားကောလိပ်၏ ပထမဆုံးကျောင်းအုပ်ကြီးအဖြစ်၎င်း ဆောင်ရွက်ခဲ့သည်။

ထို့နောက်

၁၉၂၃ခုနှစ်တွင် အိန္ဒိယနိုင်ငံ အတွင်းဝန် မစ္စတာ မွန်စေဂူထံ မြန်မာပြည်အုပ်ချုပ်ရေးနှင့် ပက်သတ်၍ ကာလကတ္တားသို့ သွားရောက်ခဲ့သည့် အဖွဲ့ဝင်သုံးဦးတွင် ပါဝင်ခဲ့သည်။

၁၉၂၂ခုနှစ် နိုဝင်ဘာလ ပထမအကြိမ် ဒိုင်အာခီရွေးကောက်ပွဲတွင် ဥပဒေပြု လွှတ်တော် အမတ်အဖြစ် အရွေးခံရသည်။ ၁၉၂၃ခုနှစ် နိုဝင်ဘာလတွင် ဂျေအေမောင်ကြီးသည် သစ်တောရေးဝန်ကြီးမှ ဟိုက်ကုတ်တရားသူကြီးအ ဖြစ်



လက်ခံလိုက်သည့်အချိန်တွင် ဦးပုသည် သစ်တောရေးရာဝန်ကြီး ဖြစ်လာသည်။

ထိုသို့

နိုင်ငံရေးစင်မြင့်ပေါ်ကို ရောက်ရှိလာသော ဦးပုသည် ၁၉၂၅ခုနှစ် နိုဝင်ဘာလ ဒုတိယအကြိမ် ဒိုင်အာခီရွေးကောက်ပွဲတွင် ပြည်သူ့ပြည်သားပါတီမှ အရွေးခံရသဖြင့် လွှတ်တော်တွင် အတိုက်အခံအမတ် ဖြစ်လာခဲ့သည်။

၁၉၂၈ခုနှစ် နိုဝင်ဘာလ တတိယအကြိမ်ရွေးကောက်ပွဲ၌ ဥပဒေပြုလွှတ်တော် အမတ်အဖြစ် အရွေးခံပြီး၊ ၁၉၃၀ ခုနှစ်တွင် ဥပဒေပြုလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

ထို့နောက်

၁၉၃၆ခုနှစ်တွင် ရွေးကောက်ပွဲ၌ လွှတ်တော်တွင် အတိုက်အခံအဖြစ် ဆောင်ရွက်သည်။ ၁၉၃၉ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ရက်နေ့တွင် ဒေါက်တာဘမော် အစိုးရအဖွဲ့ ပြုတ်ကျသွားသော်အခါ နန်းရင်းဝန် ဖြစ်လာခဲ့ သည်။

ဦးပုအစိုးရအဖွဲ့သည် တိုင်းပြည်ကို ပိုမိုဖိနှိပ်သောသဖြင့် တစ်တိုင်းပြည်လုံးက အကြည်အညို ကင်းမဲ့လာခဲ့သည်။

www.burmeseclassic.com



ထို့ကြောင့်

အစိုးရအဖွဲ့ သက်တမ်း တစ်နှစ်ကျော်ကာလအတွင်း မှာ အယုံအကြည်မရှိဆိုသော အဆိုကို သုံးကြိမ်၊ သုံးခါ တင်သွင်းခြင်း ခံခဲ့ရသည်။

ဦးပုသည် အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်ရာထူးကို ယူထားသော်လည်း လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေး ရာ ဝန်ကြီးဖြစ်သူ ဂဠုန်ဦးစောက အရာရာတွင် ချယ်လှယ်နေ ခြင်းကြောင့် လွှတ်တော်အတွင်း မှာရှိသော အတိုက်အခံအ မတ်များက မကျေနပ်ကြပေ။

ထိုအခြေအနေကိုသိသော နန်းတော်ရှေ့ဆရာတင် က "တိုင်းပြည်ကို အကြောင်းကြား၍ ကောင်းစား ဖို့ပြင်ပြန်သော်၊ လွှတ်လပ်ရန် ဆက်စပ်၍ အလွန်မြတ်သည့် ထွက်ရပ်မော်၊ အရပ်ပြည်လျှောက်လို့ ဂုဏ်သမ္ဘာပေါ်၊ အမတ် တွေရောက်လို့ စုံပါသော်၊ ဂဠုန်မှာနော်၊ ဝါးရင်းတုတ် ထမ်းလို့မျှော်" ဟု သီချင်းစာသားကို ရေးသားခဲ့သည်။

နန်းတော်ရှေ့ ဆရာတင်ရေးသားထားသလိုပင် ဂဠုန်ဦးစောသည် ၁၉၄၀ခုနှစ် ၊ ဩဂုတ်လ၊ လွှတ်တော် အစည်းအဝေးတွင် ဦးပု၏ အစိုးရအဖွဲ့ကို ဘက်ဖက်လှည့်ဖြင့်



အယုံအကြည်မရှိ အဆိုကိုတင်သွင်းကာ ဖြုတ်ချနိုင်ခဲ့သည်။

ထို့ကြောင့်

အကြံကြီးသော ဂဠုန်ဦးစောကြောင့် ၁၉၄၀ခုနှစ် စက်တင်ဘာလ ၇ရက်နေ့တွင် အောက်လွှတ် တော်အစည်း အဝေး တွင် အယုံမကြည်မရှိအဆို တင်သွင်းခံရသဖြင့် ဦးပု၏ ညွန့်ပေါင်းအစိုးရ အဖွဲ့ပြုတ်သွားခဲ့သည်။

ဤသို့ဖြင့်

၁၉၄၀ခုနှစ် စက်တင်ဘာလ ၉ရက်နေ့တွင် (မြန်မာ သက္ကရာဇ် ၁၃၀၂ခုနှစ်၊ တော်သလင်းလဆန်း၊ ၉ရက်နေ့တွင် ဂဠုန်ဦးစောသည် နန်းရင်းဝန် (ဝန်ကြီးချုပ်) )ဖြစ်လာခဲ့လေ သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

## နန်းရင်းဝန်ဂဠုန်ဦးစောနှင့် အစိုးရအဖွဲ့

ဘုရင်ခံ ဆာအာခီဘောကရိန်း၏ စေခိုင်းမှုကြောင့် ဖွဲ့စည်းလိုက်သော ဂဠုန်ဦးစော၏ အစိုးရအဖွဲ့တွင်

၁။ ဂဠုန်ဦးစော (ဝန်ကြီးချုပ်၊ သစ်တောရေးရာနှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီး မျိုးချစ်၊

၂။ ဦးပေါ်ထွန်း (မြေနှင့် အခွန်တော်ဌာနဝန်ကြီး ဦးချစ်လှိုင်အဖွဲ့၊)

၃။ ဝတ်လုံဦးအေး (ပြည်ထဲရေးဝန်ကြီး၊ မျိုးချစ်)

၄။ ဦးစောဖေသာ (တရားဌာနဝန်ကြီး ကရင်အဖွဲ့)

၅။ ဦးဘသိ (ဘဏ္ဍာရေးဝန်ကြီး ငါးပွင့်ဆိုင်အဖွဲ့)

၆။ ဦးဘသန်း (စက်မှုလက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ၊ ငါးပွင့်ဆိုင်အဖွဲ့)

တို့ ပါဝင်လေသည်။

နောင်အခါ ထပ်မံ၍ ဝန်ကြီးများ တိုးခဲ့ရာတွင်၊

၁။ သာယာဝတီ မောင်မောင် (ကျန်းမာရေးဝန်ကြီး)

၂။ ဦးဘရင် (ပညာရေးဝန်ကြီး)

၃။ ဦးဘအုန်း (အလုပ်သမားဝန်ကြီး)

www.burmeseclassic.com

www.burmeseclassic.com



စသည်တို့ ဖြစ်ကြသည်။

ဂဠုန်ဦးစောသည် သာယာဝတီနယ်မှ အညတရ တစ်ယောက်ဖြစ်သည်။

သို့သော်

သူ၏ ပင်ကိုယ်အရည်အချင်းကြောင့် ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။ ပညာမတတ်သော်လည်း ဘိလပ်ပြန် ဝတ်လုံများဖြစ်သည့် နန်းရင်းဝန် ဒေါက်တာဘမော်၊ နန်းရင်းဝန် ရွှေကျင် ဦးပုတို့ကို ပညာသားပါပါဖြင့် ဖြုတ်ချနိုင်ခဲ့သည်။ ဂဠုန်ဦးစော၏ ပရိယာယ်၊ မာယာအောက်တွင် ဒေါက်တာဘမော်နှင့် ရွှေကျင်ဦးပုတို့ ကျဆုံးကုန်ကြသည်။

ဂဠုန်ဦးစောသည် ဒေါက်တာဘမော်နှင့် ရွှေကျင်ဦးပုတို့ကို နိုင်ခဲ့ပြီး ဆရာဟောင်းဖြစ်သော လက်ဟောင်းနိုင်ငံရေးသမားကြီး ဦးဘဖေကိုလည်း ဖြုတ်ခဲ့သည်။

ထို့နောက်

သူနှင့်အတိုက်အခံဟူသမျှကို ဖြိုခွင်းပြီး မင်းမှုရန်အတွက် ဒေါက်တာဘမော်၊ ဦးဘဖေ၊ ဦးဘဝင်း၊ ဦးဘသိ စသူတို့ကို ဖမ်းစီးစေသည်။



ထို့ကြောင့်

နိုင်ငံရေးလောကတွင် "ဘ"ပါသမျှ နိုင်ငံရေးသမားများကို နန်းရင်းဝန်ဖြစ်သော ဂဠုန်ဦးစောက မကြိုက်ဟူ၍ မှတ်လုံးထုတ်စရာတစ်ခု ဖြစ်လာခဲ့သည်။

ဂဠုန်ဦးစောသည် သခင်ခေါင်းဆောင်လူကြီး၊ လူငယ်များကို နှိပ်ကွပ်သည်။ ဖမ်းဆီးပြီးထောင်ချသည်။ တပည့်များအား မြှောက်ပေးပြီး ဝါးရင်းတုတ်ဖြင့် ရိုက်စေသည်။

ဤသို့

ငြိမ်ဝပ်ပိပြားမှုကို နှိမ်နှင်းပြက်သားစွာ ကိုင်တွယ်ပြသော နန်းရင်းဝန် ဂဠုန်ဦးစောကို အင်္ဂလိပ် အစိုးရကြီးများနှင့် အင်္ဂလိပ်ကုန်သည်ကြီးများက ကြိုက်ကြသည်။

အထူးသဖြင့်

ဘုရင်ခံအနေဖြင့် ဦးစောသည် ယောကျာ်းပီသသည်။ ပွင့်လင်းဖော်ရွေသည်။ ခင်မင်တတ်သည်ဟု မြင်မိသည်။

နန်းရင်းဝန်ဂဠုန်ဦးစောကလည်း ဘုရင်ခံကို ဟန်ပန်ကြီးတတ်သူ၊ သဘာဝကျသူဟု တွေ့မြင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်

သူတို့နှစ်ဦး၏ ဆက်ဆံရေးက အဆင်ပြေလှသည်။

တစ်နေ့တွင်

ဘုရင်ခံ ဒေါ်မန်စမစ်ထံကို နန်းရင်းဝန်ဂဠုန်ဦးစောသည် ရောက်ရှိလာပြီး မြန်မာ့နိုင်ငံရေးအကြောင်း ဆွေးနွေးကြသည်။

ထို့နောက်

ဆွေးနွေးပွဲအပြီး ဦးစောပြန်ခါနီးတွင် ဘုရင်ခံက "နန်းရင်းဝန် ခင်ဗျား၊ မန္တလေးက ရာထူးတစ်ခုအတွက် ငွေတစ်သောင်းယူတယ်လို့ ဆိုပါလား" ဟုမေးလိုက်သည်။

ထိုအခါ

နန်းရင်းဝန်ဂဠုန်ဦးစောသည် မခံမရပ်နိုင် ဖြစ်သွားသည့်ပုံစံဖြင့် " ဘုရင်ခံ ကျွန်တော် ရာထူးတွေ ရောင်းစားနေတယ်လို့ ဆိုချင်သလား "ဟု မေးခွန်းကို မေးခွန်းဖြင့် ပြန်လည်မေးလိုက်သည်။ ဂဠုန်ဦးစော မေးခွန်းကိုကြားတော့ ဘုရင်ခံဒေါ်မန်စမစ်က " မဆိုလိုပါဘူး၊ ဒါပေမဲ့ ဒီရာထူးအတွက်ကိုတော့ ငွေတစ်သောင်းတောင်းတယ်လို့ ကြားလို့ပါ"ဟု ပြောရာ ဦးစောကလည်း " မဟုတ်ပါဘူး "ဟု ငြင်း လေသည်။



ထိုအခါ ဘုရင်ခံက အလျှော့မပေးပဲ " ဒါဖြင့် ဘယ်လောက်တောင်းသလဲ "ဟု ထပ်မံ၍မေးမြန်းရာ၊ ဦးစောက " တစ်သောင်းငါးထောင်ပါ။ ဟဲ၊ ဟဲ၊ နောက်မလုပ်တော့ပါဘူး "ဟု ဆိုလေသည်။

ဂဠုန်ဦးစောသည် ထိုကဲ့သို့ လူတစ်ယောက် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

## ဂျွန်ဦးစော၏ နိုင်ငံရေးလှုပ်ရှားမှု

ဂျွန်ဦးစောသည် နန်းရင်ဝန်ကြီးဖြစ်ပြီးနောက်ပိုင်းတွင် နယ်များကို ခရီးထွက်ရာတွင် စိတ်အားထက်သန်သော သခင်အစည်းအရုံးဝင်တို့က ဦးဆောင်၍ သံပုံးတီးလွှတ်ကြသည်။ ထိုအခါ နန်းရင်းဝန်ဂျွန် ဦးစော၏ လက်ပါးစေများဖြစ်သော ဂျွန်တပ်(ခေါ်) ဝါးရင်းတုတ်တပ်များက သံပုံးတီးလွှတ်သော သခင်များကို ရိုက်နှက်ကြလေသည်။ ပျော်ဘွယ်မြို့တွင် သခင်များနှင့် ဂျွန်တပ်သားတို့ ရိုက်နှက်ကြရာ ဂျွန်တပ်သားလေးယောက် ဒဏ်ရာရပြီး၊ နှစ်ယောက်အတွင်း လူနာအဖြစ် ဆေးရုံတင်ရသည်။

နန်းရင်းဝန်ဂျွန်ဦးစောသည် မြင်းခြံနှင့် လေးမိုင်အကွာတွင်ရှိသော တဲရွာအနီးသို့ တိုင်းခန်းလှည့်လည်စဉ်မှာလည်း သံပုံးတီးသူ နှစ်ဆယ်ကျော်ကို ဖမ်းဆီးခဲ့သည်။

ဤသို့

နန်းရင်းဝန်ဂျွန်ဦးစောနှင့် တို့ဗမာအစည်းအရုံးဝင် သခင်များသည် စဉ်ဆက်အပြတ် ပြဿနာဖြစ် ပွား ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အစိုးရသည် အင်္ဂလိပ်အာဏာပိုင်ကြီးများအလိုကျ ပြင်းပြင်းထန်ထန် ဖိနှိပ်ခဲ့သည်။

သို့သော်

လူငယ်များနှင့်လူကြီးများ စုစည်းထားသည့် ဗမာ့ထွက်ရပ်ဂိုဏ်းကြီးသည် ပြင်းပြင်းထန်ထန် ဖိနှိပ်မှုများ အကြားမှာပင် ဗြိတိသျှတို့ကို လက်နက်ကိုင်တော်လှန်ရန် ကြိုးစားလျက် ရှိကြသည်။

ထိုအချိန်တွင်

တရုတ်၊ ဂျပန်စစ်ပွဲ လက်နက်ထောက်ပံ့ရေးကို အကြောင်းပြုပြီး တရုတ်၊ မြန်မာလမ်းမကြီးကိုတရုတ်ပြည်တာလီအနီး ဆီးနွမ်မှ၊ တရုတ်၊ မြန်မာနယ်စပ်ရှိ နမ်းခမ်း အနီး ဝမ်တိမ်သို့ဖြတ်ကာ ဖောက်လုပ်လိုက်သည်။

ထို့နောက်

တရုတ်၊ မြန်မာ လမ်းမကြီးမှတဆင့် အင်္ဂလိပ်၊ အမေရိကန်၊ ရုရှစသည့်နိုင်ငံများမှ တရုတ်ပြည်ကို စစ်သုံးမော်တော်ထရပ်ကားများ၊ စစ်လက်နက်များ၊ ဓာတ်ဆီများ တင်ပို့ခဲ့သည်။ ထိုသို့ တင်ပို့ခြင်းကို ရန်ကုန်မြို့ရှိ ဂျပန်သံမှူးက အပြင်းအထန် ကန့်ကွက်ခဲ့သည်။ ဤသို့ ဆက်လက်ဆောင် ရွက်နေလျှင် ထိုတရုတ်၊ မြန်မာလမ်းမကြီးကို ဂျပန်က ဗုံးကြဲဖျက်ဆီး ရလိမ့်မည်ဟု တင်းမာစွာပြောခဲ့ သည်။



ဂျပန်တို့သည် နယ်မြေချဲ့ထွင်ရေးနှင့် ပတ်သက်ပြီး မြန်မာပြည်ရှိ နိုင်ငံရေးခေါင်းဆောင်များနှင့် ဆက်ဆံ၍ နယ်ချဲ့ရန်ကြိုးစားခဲ့သည်။ ဂျပန်ပြည်ကို ဒေါက်တာသိမ်းမောင်၊ ဂဠုန်ဦးစောတို့ကိုဖိတ်ကြားပြီး နောင်အခါနိုင်ငံရေး အဆက်အသွယ်များ ပြုလုပ်ရန် စီမံလေသည်။

ဂဠုန်ဦးစောသည် ဂျပန်ပြည်မှ ပြန်လာပြီးနောက်တွင် ဂဠုန်တပ်များကို တိုးချဲ့တည်ထောင်ခဲ့သည်။ ဂဠုန်တပ်ဖွဲ့တစ်ဖွဲ့လျှင် ဘင်ခရာ တစ်ထောင်တန်စီ၊ ဂဠုန်တပ်သားများ ဝတ်ရန် ကာကီဝတ်စုံ၊ ဦးထုပ်၊ ဘိနပ်၊ ခါးပတ်ပါမကျန် အပြည့်အစုံ ဝယ်ခြမ်းထောက်ပံ့ခဲ့သည်။

ထို့ပြင်

ပိုက်ဆံကို ဖောဖောသီသီသုံးပြီး သူရိယသတင်းစာ ရှယ်ယာများကို ဝယ်ခြင်း၊ မျိုးချစ်အဖွဲ့တွင် ဓနရှင်လူတန်းစားများကို သိမ်းသွင်းဖွဲ့စည်းခြင်း၊ ကိုယ်ပိုင်လေယာဉ်ပျံ

www.burmeseclassic.com

www.burmeseclassic.com



ဝယ်ခြင်း စသည်တို့ ပြုလုပ်ခဲ့သည်။

ဂဠုန်ဦးစောသည် နန်းရင်းဝန်ကြီး ဖြစ်ပြီးနောက်ပိုင်းတွင် လေယာဉ်ငယ်တစ်စင်းဖြင့် ရွှေတိဂုံစေတီကို ကောင်းကင်မှပတ်ပြီး ဖူးမြော်ခဲ့သည်။ ရှေးမြန်မာမင်းများပြုလုပ်ခဲ့သည့် လယ်ထွန်မင်္ဂလာကို ပြန်လည်ကျင်းပခဲ့သည်။ လယ်ထွန်မင်္ဂလာကျင်းပရာတွင် မြန်မာဝတ်စုံကို မဝတ်ဆင်ပဲ အနောက်တိုင်းဝတ်စုံကို ဒူးအထိရောက်နေသော ဖိနပ်ရှည်ကြီးဖြင့်ဝတ်ဆင်ကာ တခမ်းတနားလယ်ထဲဆင်းပြီး လယ်ထွန်မင်္ဂလာပွဲ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်လာသောအခါ နန်းရင်းဝန်ဂဠုန်ဦးစောနှင့် ဘုရင်ခံ ဒေါ်မန်စမစ်တို့သည် အပေးအယူ ပြုလုပ်ကြသည်။

ဘုရင်ခံ ဒေါ်မန်စမစ်သည် စစ်ရိပ်၊ စစ်ငွေ့သန်းနေသည့် အခြေအနေကိုအကြောင်းပြကာ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းပေးသည်။ ဂဠုန်ဦးစောကလည်း ဘုရင်ခံကို အစွမ်းကုန်ကူညီပါမည်ဟု ကတိပြုလေသည်။

ဂဠုန်ဦးစောသည် အင်္ဂလိပ်ဘုရင်ခံ အရာရှိကြီးများ၊



တုန်သည်ကြီးများနှင့်သာသင့်မြတ်စွာပေါင်းသည် မဟုတ်ပေ။ စစ်အရိပ်အနေကို ကြည့်ပြီး ဂျပန်နှင့်လည်း ဆက်သွယ်ရန် ကမ်းလှမ်းခဲ့သည်။

ဗိုလ်မှူးကြီးဆူဇူကီးသည် မြန်မာနိုင်ငံကို စုံစမ်းထောက်လှမ်းရန် ရန်ကုန်မြို့ကို သတင်းစာတစ်ဦးအသွင်ဖြင့် ရောက်ရှိလာခဲ့ပြီး နိုင်ငံရေးပါတီများ၏ အခြေအနေကို လေ့လာ၍ တွေ့ဆုံသင့်သူကို ခေါ်ယူတွေ့ဆုံရာ ဂဠုန်ဦးစောနှင့်လည်း တွေ့ဆုံခဲ့လေသည်။

ဂဠုန်ဦးစောက “ မြန်မာလွတ်လပ်ရေးအတွက် ဂျပန်ပြည်မှ စစ်ကူရနိုင်မည်လား ”ဟု တည့်တည့်မေးလေသည်။ ဗိုလ်မှူးကြီး ဆူဇူကီးက “ ဘယ်လို ကူညီရမလဲ” ဟုမေးရာ ဂဠုန်ဦးစောက “လက်နက်၊ ပစ္စည်းနှင့် ငွေ အလုံးအရင်း” တို့ကို တောင်းဆိုလေသည်။

ထိုအခါ

ဗိုလ်မှူးကြီးဆူဇူကီးက “ ၎င်းကိစ္စသည် သူနှင့်မဆိုင်ပါ။ ရန်ကုန်မြို့ရှိ ဂျပန်ကောင်စစ်ဝန်နှင့်သာ ပြောဆိုပါကပြောပါ ”ဟုဆိုပြီး နောက်ဆုတ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)
## ဒုတိယကမ္ဘာစစ်

၁၉၃၉ခုနှစ်စက်တင်ဘာလဆန်းမှ ဥရောပ တိုက်မှစတင်၍ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားခဲ့သည်။ ယင်းဒုတိယကမ္ဘာစစ်ကြီးတွင် ဗြိတိသျှလက်အောက်ခံ မြန်မာနိုင်ငံ၏ နိုင်ငံရေးလှုပ်ရှားမှုမှာလည်း ပြောင်းလဲလာခဲ့သည်။

မြန်မာတို့သည် ဗြိတိသျှအုပ်စိုးမှု လက်အောက်မှ ရုန်းထွက်ရန်အတွက် အရေးကြီးဆုံးအချိန်ဟု ယူဆနေကြသည်။

ထို့ကြောင့်

နိုင်ငံရေးလောကတွင် အတက်ကြွဆုံးဖြစ်သော တို့ဗမာအစည်းအရုံးဝင် သခင်တို့သည် စက်တင်ဘာ လ ၉ ရက်နေ့တွင် ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးကျင်းပ၍ လွတ်လပ်ရေးအတွက် ဆောင်ရွက်ရန် ချမှတ်ကြေငြာလိုက်လေသည်။ အစည်းအရုံးဝင်များသည် ဗြိတိသျှနယ်ချဲ့စနစ်ကို ဆန့်ကျင်တိုက်ပွဲဝင်ကြရာတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်အရသာလျှင် ဆောင်ရွက်ကြရန်နှင့်၊

www.burmeseclassic.com

www.burmeseclassic.com



အခြားစစ်မရောက်မီ မြွားကုန်စေမည့် လုပ်ငန်းများကို ဟိုတစ်မျိုး ဒီတစ်မျိုး၊ ဒီအမျိုးတစ်ယောက်တစ်ပေါက် မလုပ်ကြရန် တင်းကျပ်စွာ ပိတ်ပင်ထားလေသည်။

ထို့နောက်

မန္တလေးမြို့တွင်ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့က အချက်ကိုးချက်ပါရှိသော ကမ္ဘာစစ်ကြီး နှင့် ဗမာ့အရေးကိစ္စများ အပေါ်ထားရှိသော သဘောထားနှင့် လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြသည်။

ထို့အပြင်

တို့ဗမာအစည်းအရုံးကြီးသည် တစ်မျိုးသားလုံး ညီညီညွတ်ညွတ်ဖြင့် လွတ်လပ်ရေးလုပ်ငန်းများကို ကြိုးပမ်းနိုင်ရန်အတွက် အမျိုးသားတပ်ဦး ပုံသဏ္ဌာန်ကို ဆောင်သည့် ဗမာ့ထွက်ရပ်ဂိုဏ်းအဖွဲ့ကြီးကို လှုံ့ဆော်ဖွဲ့ စည်းလေသည်။

တို့ဗမာထွက်ရပ်ဂိုဏ်းကြီးတွင် လူကြီးပိုင်းက ဒေါက်တာဘမော်၊ ဒေါက်တာသိန်းမောင်၊ ဦးထွန်း အောင်၊ ဦးဘဦး၊ ဗန္ဓုလဦးစိန်စသူများနှင့် လူငယ်ပိုင်းမှ တို့ဗမာ အစည်းအရုံးခေါင်းဆောင် သခင်ကိုယ်တော်မှိုင်း၊ သခင်မြ၊



သခင်အောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)၊ သခင်နု၊ သခင်သန်းထွန်း၊ သခင်စိုး၊ သခင်ဗဟိန်း စသည်တို့ ပါဝင်ခဲ့ကြသည်။

ထိုအချိန်က

ဥရောပတိုက်၌ အင်္ဂလိပ်နှင့် ပြင်သစ်တို့က စစ်ကြေငြာပြီးလျှင် ဂျာမနီပြည်ကို တိုက်ခိုက်နေသော အချိန်အခါ ဖြစ်သည်။ တို့ဗမာ အစည်းအရုံးဝင် သခင်လူငယ်ခေါင်းဆောင်များသည် ထိုအခြေအနေကို အသုံးချပြီး ထိထိမိမိအလုပ် လုပ်ကြလေသည်။

ဗမာ့ထွက်ရပ်ဂိုဏ်းကို တည်ထောင်လိုက်သော သခင်များသည် အချက်ခုနစ်ချက် ပါဝင်သော ကြေငြာချက်ကို ပြဋ္ဌာန်းလိုက်သည်။ ထိုကြေငြာချက်အတိုင်း ဗမာ့ထွက်ရပ်ဂိုဏ်းခေါင်းဆောင်များသည် တစ်နိုင်ငံလုံးကို ဟောပြောရန် စီမံလေသည်။

ထိုစဉ်က

နိုင်ငံရေးဟောပြောချက်များတွင် စစ်ဖြင့်စပ်လျဉ်းသော ဟောပြောလှုံ့ဆော်မှုများ မပြုလုပ်ရန် အစိုးရက

www.burmeseclassic.com

www.burmeseclassic.com



ပြင်းပြင်းထန်ထန် ကာကွယ်ရေးဥပဒေအရ တားမြစ်ထားသည်။

သို့သော်

ဗမာ့ထွက်ရပ်ဂိုဏ်းခေါင်းဆောင်တို့သည် အစိုးရအာဏာကိုဖီဆန်သော သဘောဖြင့် ထိုကြေငြာချက်ကို လူသိရှင်ကြား ဖတ်ပြရန် စီစဉ်ကြလေသည်။

ထို့ပြင်

နယ်ချဲ့စနစ်အရ နယ်ချဲ့စစ်မှန်သမျှ အားမပေးထိုက် စစ်ဆန့်ကျင်ရေး လှုံ့ဆော်မှုများကို ဗမာ့ထွက်ရပ် ဂိုဏ်းခေါင်းဆောင်များသည် အထူးလှုံ့ဆော်ဟောပြောခဲ့ကြသည်။

ယင်းသို့ ဟောပြောမှုကြောင့် ဗမာ့ထွက်ရပ်ဂိုဏ်း၏ ခေါင်းဆောင်တစ်ဦးဖြစ်သော ဒေါက်တာသိန်းမောင်ကို အစိုးရအား အကြည်ညိုပျက်အောင်ဟောပြောသည်ဟုဆိုကာ ၁၉၄၀ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် ဖမ်းဆီးလိုက်သည်။ သို့သော် မကြာခင်မှ အစိုးရပြန်လွှတ်လေသည်။

အစိုးရသည် ဗမာ့ထွက်ရပ်ဂိုဏ်းကို ဖိနှိပ်လိုသည့်သဘောဖြင့် ၁၉၄၀ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် ထွက်ရပ်



ဂိုဏ်း၏ ခေါင်းဆောင်ဖြစ်သော ဒေါက်တာဘမော်ကို စစ်ဆန့်ကျင်ရေး လှုံ့ဆော်မှုများ ဆောင်ရွက် ဟောပြောသည်ဟုဆိုကာ မြန်မာပြည်ကာကွယ်ရေး အက်ဥပဒေအရ ဖမ်းဆီးပြီး ၁၉၄၀ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် ထောင်ဒဏ်တစ်နှစ်ပေးလေသည်။ ဗမာ့ထွက်ရပ်ဂိုဏ်း၏ ခေါင်းဆောင်တစ်ဦးဖြစ်သော သခင်နုကိုလည်း အစိုးရကို မကြည်အညိုပျက်အောင် ဟောပြောသည်ဟုဆိုကာ ရာဇသတ်ပုဒ်မ ၁၂၄ (က) အရ ဖမ်းဆီး လိုက်လေသည်။

ထိုသို့

အစိုးရက ဖိနှိပ်နေသည့်ကြားမှာပင် ဗမာ့ထွက်ရပ်ဂိုဏ်း၏ ခေါင်းဆောင်တစ်ဦးဖြစ်သော အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းသည် ဟင်္သာတခရိုင် ဇလွန်မြို့တွင် ကျင်းပသော တရားပွဲတွင်အစိုးရ တားမြစ်နေသည့်ကြားမှ နယ်ချဲ့စစ်ဆန့်ကျင်ရေးနှင့် တောင်တန်းဒေသချင်းတောင်နယ် အကြောင်းများကို ဟောပြောလေသည်။

ထိုဟောပြောချက်ကြောင့် အစိုးရက သခင်အောင်ဆန်းအား ဖမ်းရန်ဝရမ်း ထုတ်ပြန်ခဲ့သည်။

www.burmeseclassic.com



သို့သော်

သခင်အောင်ဆန်းသည် ဦးလှတောဆိုသည့် မျိုးချစ်စိတ်ရှိသော ဗမာပုလိပ်အရာရှိတစ်ဦး၏ အကူအညီဖြင့် ကိုယ်ရောင်ဖျောက်ပြီး ရန်ကုန်ကို ရောက်အောင် ပြန်လာခဲ့လေသည်။

ပုလိပ်လက်မှ လွတ်လာသော သခင်အောင်ဆန်းကို ဟသ်ာတခရိုင် ရာဇဝတ်ဝန် မစ္စတာဖေဗီးယားက ဆုငွေငါးကျပ်ပေးမည်ဟု လျှောင်ပြောင်၍ ကြေငြာခဲ့လေသည်။

ဤသို့ဖြင့်

ဗမာ့ထွက်ရပ်ဂိုဏ်းကိုထောက်ခံသော တို့ဗမာအစည်းအရုံးဝင်လူငယ်ခေါင်းဆောင်များကို ဂဠုန်ဦးစောအစိုးရကကာကွယ်ရေးအက်ဥပဒေဖြင့် ဖမ်းဆီး နှိပ်ကွက်ခဲ့ရာ သခင်စိုး၊ သခင်မြသွင်၊ သခင် လေးမောင် နှင့် သခင်သိန်းဖေတို့သည် ထောင်ထဲသို့ရောက်ရှိကုန်ကြသည်။

သို့သော်

ဗမာ့ထွက်ရပ်ဂိုဏ်း၏ သခင်လူငယ်ခေါင်းဆောင်များ သည် စိတ်ဓါတ်မကျဘဲ လွတ်လပ်ရေးကို ရရှိအောင်



ပိုမိုကြိုးစားအားထုတ်လာခဲ့ ကြသည်။

ထိုအချိန်တွင်

နန်းရင်းဝန်ဖြစ်နေသော ဂဠုန်ဦးစောသည် ဘုရင်ခံဒေါ်မန်စမစ်ကို အင်္ဂလန်သွားပြီး မြန်မာပြည်အတွက် လွတ်လပ် ရေး တောင်းဆိုချင်ပါသည်ဟု ပြောဆိုလေသည်။ အောက် လွှတ်တော် ဥပဒေပြုအစည်းအဝေးက မြန်မာပြည်အား ဗြိတိသျှ အစိုးရက လုံးဝလွတ်လပ်ရေးကို ခွင့်ပေးမည်ဟု ကတိပြုရန် တိုက်တွန်းကြောင်း အဆိုကိုဆုံးဖြတ်ခဲ့ရာ ထိုဆုံး ဖြတ်ချက်ကို အခြေခံပြီး ဂဠုန်ဦးစောက ဝိလတ်ကိုသွား၍ အရေးဆိုခြင်း ဖြစ်သည်။ ဂဠုန်ဦးစော၏ အရေးဆိုမှုကြောင့် ဘုရင်ခံဒေါ်မန်စမစ်သည် သန်ဒန်ကို အကြောင်းကြားကာ ဗိတ်စာယူပေးလေသည်။

ထို့ကြောင့်

၁၉၄၁ခုနှစ် အောက်တိုဘာလဆန်းတွင်နန်းရင်းဝန် ဂဠုန်ဦးစောသည် အတွင်းဝန်အိုင်စီအက်ဦးတင်ထွတ်နှင့်အတူ ဝိလတ်ကိုသွားပြီး အင်္ဂလိပ်အစိုးရဝန်ကြီးချုပ်ချာခီျထံတွင် လုံးဝလွတ်လပ်ခွင့်ကို အရေးဆိုမည် ဟုကြေငြာ

www.burmeseclassic.com

www.burmeseclassic.com



ကာ ထွက်ခွာသွားခဲ့သည်။ ဂဠုန်ဦးစော လန်ဒန်ကို ထွက်ခွာသွားသောအခါ မြန်မာနိုင်ငံတွင် ဒုတိယဝန်ကြီးချုပ် ဖြစ်သော ဆာပေါ်ထွန်းက အစိုးရဝန်ကြီးချုပ်အဖြစ် ဆက်လက်ဆောင်ရွက်လေသည်။

ဂဠုန်ဦးစောသည် ရန်ကုန်မှ အန္ဒိယ၊ ပယ်လယ်စတိုင်၊ အီဂျစ်၊ အာဖရိက အနောက်ပိုင်းနှင့် လစ်စဘွန်း တို့ကို ဝင်ပြီး ဗိလတ်ကိုရောက်အောင်သွားပြီးလျှင် အိန္ဒိယနှင့် မြန်မာပြည်ဆိုင်ရာအတွင်းဝန် မစ္စတာအေမရီ နှင့် ဝန်ကြီးချုပ် မစ္စတာချာချီတို့အား တွေ့ပြီး ဒုတိယကမ္ဘာစစ်ကြီး ပြီးလျှင် လွတ်လပ်ရေးကို စီမံပေးမည်ဟု ကတိပေး၍ကြေငြာစေလိုကြောင်း ပြောကြားသည်။

ဝန်ကြီးချုပ်ချာချီက "မင်းတို့တတွေသည် ဗမာရှင်ဘုရင် လက်အောက်တွင် အုပ်စိုးခြင်းခံရသည်ထက် အင်္ဂလိပ်တို့၏ အုပ်စိုးခြင်းကို ခံရခြင်းက ပိုမကောင်းပါလား"ဟု ဆိုရာ ဂဠုန်ဦးစောက အညှံ့မခံပဲ "အကယ်၍ ဂရိတ်ဗြိတိန်နိုင်ငံအားလုံးကို ဂျာမနီပြည် အာဏာရှင် ဟစ်တလာ၏ လက်အောက်တွင်ရှိနေလျှင် ခင်ဗျား စိတ်ကျေနပ်မလား"ဟု ပြန်လည်ချေပ



ခဲ့သည်။

အင်္ဂလိပ်ဝန်ကြီးချုပ် ချာချီက "မင်းတို့ ဗမာပြည်ကို လုံးဝလွတ်လပ်ရေးပေးလိုက်လျှင် အာဏာလုကြတာနဲ့ပဲ အချင်းချင်းသတ်ပြီး သွေးချောင်းစီးနေမှာပေါ့"ဟု ခနဲ့သည်။

သို့သော်

ဝန်ကြီးချုပ် ချာချီသည် ဂဠုန်ဦးစော၏ အရေးဆိုချက်ကို ဥပက္ခာမပြုပဲ "ဒုတိယကမ္ဘာစစ်ကြီးပြီးလျှင် ဆွေးနွေးကြတာပေါ့"ဟု ဆိုလိုက်သည်။

အကြံကြီးသော ဂဠုန်ဦးစောသည် အင်္ဂလန်မှအပြန် ၎င်းစီးလာသော လေယာဉ်သည် လစ္စဘွန်းလေဆိပ်သို့ အဆိုက်တွင် သတင်းတစ်ခုကို ကြားလိုက်ရသည်။

ထိုသတင်းမှာ ပုလဲဆိပ်ကမ်းရှိ အမေရိကန်ရေတပ်ကို အာရှသားဂျပန်များက ဗုံးကြဲလိုက်ခြင်းပင် ဖြစ်သည်။

ထို့ကြောင့်

ဂဠုန်ဦးစောသည် လေယာဉ်ပျံမထွက်ပဲ စောင့်ဆိုင်းနေစဉ် ၎င်းနှင့်အတူပါလာသော ဦးတင်ထွတ်ကိုပင် အသိမပေးပဲ တည်းခိုနေသည့်ဟိုတယ်မှ လစ္စဘွန်းရှိ ဂျပန်

www.burmeseclassic.com

www.burmeseclassic.com



ကောင်စစ်ဝန်နှင့် တွေ့ဆုံရန်ထွက်သွားလေသည်။

ဂဠုန်ဦးစောသည် အင်္ဂလိပ်နန်းရင်းဝန် ဝင်စတန်ချာချီနှင့် တွေ့ဆုံရာမအောင်မြင်ခဲ့သဖြင့် လစ္စဘွန်း အရောက်တွင် ဂျပန်များအရေးသာနေသည်ဟုထင်ပြီး ဂျပန်ကောင်စစ်ဝန်နှင့် တွေ့ရန်ကြိုးစားခြင်း ဖြစ်သည်။

သို့သော်

ထိုအချိန်က အင်္ဂလိပ်ထောက်လှမ်းရေးများသည် လစ္စဘွန်းတွင် အကြီးအကျယ်လှုပ်ရှားနေချိန်ဖြစ်ရာ ဂဠုန်ဦးစော၏ခြေလှမ်းကို သိလျှင်သိခြင်း သက်ဆိုင်ရာကို သတင်းပို့လိုက်ရာ နှစ်နိုင်ငံအစိုးရ ညှိနှိုင်းပြီး ဂဠုန်ဦးစောကို ဖမ်းဆီး၍ ယူဂန္ဒာနိုင်ငံကို ပို့လိုက်သည်။

ထိုအချိန်မှစပြီး နန်းရင်းဝန် ဂဠုန်ဦးစော၏ နိုင်ငံရေးလှုပ်ရှားမှုမှာ တာခေတ္တ တာခန်းရပ်သွားသည်။



## အခန်း(၇)

## ရဲဘော်သုံးကျိပ်နှင့် မြန်မာ့လွတ်လပ်ရေး

ဂဠုန်ဦးစောသည် သူ၏အာဏာတည်မြဲရန် မြန်မာနိုင်ငံကို ဒိုမီနီယံ အဆင့်ပေးရန် ဆောင်ရွက်နေချိန်တွင် တဘက်မှာလည်း၊ တို့ဗမာအစည်းအရုံးဝင် လူငယ်ခေါင်းဆောင်များ၊ ထွက်ရပ်ဂိုဏ်းဝင် ခေါင်းဆောင်များနှင့် ဘီအာပီ ပြည်သူ့အရေးတော်ပုံ အဖွဲ့ဝင် လူငယ်ခေါင်းဆောင်တို့ သည် လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲရန် လက်နက်၊ ခဲယမ်းများအတွက် နိုင်ငံခြား အကူအညီကိုယူရမည်ဟု နားလည်သဘောပေါက်ကြသည်။

သခင်အောင်ဆန်းသည် သခင်လှမြိုင်ကို အဖော်ပြုပြီး ၁၉၄၀ခုနှစ်၊ ဩဂုတ်လ ၈ရက်နေ့တွင် ဟိုင်လီသင်္ဘောဖြင့် ရန်ကုန်ဆိပ်ကမ်းမှ လျှို့ဝှက်ရုပ်ဖျက်ပြီးလျှင် ၁၉၄၀ခုနှစ် ဩဂုတ်လ ၂၄ရက်နေ့တွင် တရုတ်ပြည် အမွိုင်မြို့ကို ရောက်ရှိလာခဲ့သည်။

ထိုအချိန်တွင်

ရန်ကုန်မြို့ရှိ ဘီအာပီပြည်သူ့အရေးတော်ပုံ

www.burmeseclassic.com



ခေါင်းဆောင်များသည် ဂျပန်ကိုယ်စားလှယ်များနှင့်လျှို့ဝှက်စွာ ပြန်လည်ဆက်သွယ်မိကြပြီး၊ တရုတ်ပြည် အမွိုင်မြို့ကို ရောက်ရှိနေကြသည့် သခင်အောင်ဆန်းအား ဂျပန်ပြည်ကို ရောက်အောင် စီစဉ်ကြလေသည်။

မေဂျာကန်းဒသည် ထရုတ်ပြည် အမွိုင်မြို့ရှိ ချောင်ကြသော ဟော်တယ်တစ်ခုတွင် တိတ်တဆိတ် တည်းခိုနေသော သခင်အောင်ဆန်းတို့အား လာရောက်ရှာဖွေ၍ ဂျပန်ပြည်ကိုသွားရန် စီစဉ်ပေးသောကြောင့် ၁၉၄၀ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်နေ့တွင် သခင်အောင်ဆန်းသည် သခင်လှမြိုင်နှင့်အတူ ဂျပန်ပြည်ရှိတိုကျိုမြို့ကို ဆိုက်ရောက်ခဲ့သည်။

သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့သည် ဂျပန်နိုင်ငံတိုကျိုကို ရောက်ရှိလာသောအခါ ကာနယ်ဆူဇူကီးသည် ဟာနေဒါလေယာဉ်ကွင်းမှ အသင့်စောင့်ကြိုကာ ခေါ်ဆောင်သွားခဲ့သည်။

ဤသို့

ကာနယ်ဆူဇူကီးနှင့် ဆက်သွယ်မိကြပြီးနောက် မြန်မာ့လွတ်လပ်ရေးအတွက် အစီအစဉ်များရေးဆွဲရာ



မြန်မာ့လွတ်လပ်ရေးအတွက် လိုအပ်သော လက်နက်ခဲယမ်းများကို ဂျပန်ကပေးမည်။ ဗမာ့လူငယ်တစ်စုသည် ဂျပန်၏ စစ်ပညာကိုလျှို့ဝှက်စွာ သင်ကြားလေ့လာရမည်ဟူသော အချက်များပါရှိလေသည်။

ထိုအစီအစဉ်အချက်အလက်များအရ ဗမာပြည်မှယုံကြည်ရသော လူငယ်တစ်စုကို လျှို့ဝှက်စွာ ခေါ်ဆောင်ပြီး ဂျပန်များသိမ်းပိုက်ထားသော နေရာများတွင် အခြေခံစစ်ပညာများကို လေ့လာသင်ကြားရန် ဖြစ်သည်။

ထို့နောက်

အခြေခံစစ်ပညာကို လေ့ကျင့်ပြီးသော ဗမာ့စစ်ခေါင်းဆောင်လူငယ်တစ်စုက ပြန်လည်ဦးစီး၍ ဗမာ့လက်နက်ကိုင်တပ်များကို ဖွဲ့စည်းပြီးလျှင် အခြေခံစစ်ပညာနှင့် သေနင်္ဂဗျူဟာ စစ်ဆင်နည်းများကို အမြန်သင်ကြားပြီးနောက် အင်္ဂလိပ်တို့အား မြန်မာမြေပေါ်မှ တိုက်ထုတ်ပစ်ရန် စီစဉ်ကြလေသည်။

အထက်အတိုင်း အစီအစဉ်ရေးဆွဲပြီးသောအခါ သခင်အောင်ဆန်းသည် ဂျပန်သင်္ဘောတစ်စင်းဖြင့် မြန်မာပြည်

www.burmeseclassic.com

www.burmeseclassic.com



ကို လျှို့ဝှက်စွာပြန်လာပြီး ၁၉၄၁ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ရန်ကုန်သို့ရောက်ရှိခဲ့လေသည်။

ထို့နောက်

ယခင်က ဖွဲ့စည်းထားသော ပြည်သူ့အရေးတော်ပုံအဖွဲ့ဝင်တို့နှင့် အစီအစဉ်များကို လျှို့ဝှက်စွာ ဆွေးနွေးပြီးနောက် သခင်လှဖေ (ဗိုလ်လကျာ်)၊ သခင်အေးမောင်(ဗိုလ်မိုး) သခင်ဘဂျမ်း (ဗိုလ်လရောင်)၊ ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်)တို့ကို ခေါ်ဆောင်ပြီး ဂျပန်ပြည်ကို ပြန်လာခဲ့ သည်။

ဤသို့ဖြင့်

မြန်မာအာဇာနည်လူငယ်များသည် တသုတ်ပြီးတသုတ် ရှပ်ဖျက်ပြီးမြန်မာပြည်မှ ဂျပန်နိုင်ငံကို ထွက်ခွာလာခဲ့ကြသည်။ ဂျပန်နိုင်ငံတွင် ဗမာ့သူရဲကောင်း ရဲဘော်သုံးကျိပ်တို့သည် ဟိုင်နန်ကျွန်းတောင်ပိုင်းဒေသရှိ ဂိုရှိုတောင် ခြေရင်းတနေရာတွင် စစ်အခြေခံပညာရပ်များကို သင်ကြားလေသည်။ ထိုသင်ကြားရသော စစ်အခြေခံပညာမှာ တကယ့်တိုက်ပွဲများထက် ပင်ပန်းစွာ လေ့ကျင့်သင်ကြားခဲ့ ကြ ရသည်။

စစ်ချီ၊ စစ်တတ် စစ်တိုက်ပုံများနှင့် ခြေလျင်တပ်ရင်း



တပ်မဟာများကို အုပ်ချုပ်ခန့်ခွဲပုံ၊ ဦးစီးတိုက်ခိုက်ပုံ၊ ရန်သူစစ်ကြောင်း နောက်ပိုင်းမှဝင်ပြီး တံတားဖျက်ခြင်း၊ သူပုန်ထခြင်း၊ ပြောက်ကြားတိုက်ခြင်း စသည်တို့ကို လေ့ကျင့်သင်ကြားခဲ့ရသည်။

စစ်ပညာများစုံသောအခါ ရဲဘော်သုံးကျိပ်ဝင်တို့သည် ဘန်ကောက်မြို့တွင် ဌာနချုပ်စခန်းတစ်ခု ဖွင့်လှစ်ပြီး BIA ခေါ် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို တည်ထောင်လိုက်ကြသည်။

ရဲဘော်များသည် အရိုးကြေကြေ၊ အရေခန်းခန်း အသက်ကိုပဓာနမထားဘဲ လွတ်လပ်ရေးရသည်အထိ ဆက်လက်ကြိုးပမ်းမည်ဟု သံမဏိစိတ်ဓာတ်ဖြင့် အဓိဋ္ဌာန်ပြုခဲ့ကြသည်။

ထို့နောက်

၁၉၄၂ခုနှစ် မတ်လတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဂျပန်တပ်မတော်နှင့် ပူးတွဲချီတက်တိုက် ခိုက်ရာ တိုက်ပွဲတိုင်းတွင် အောင်ပွဲဆင်နိုင်ခဲ့သည်။ ယင်းကဲ့သို့ အောင်ပွဲဆင်နိုင်ခြင်းမှာလဲ လူထု၏ထောက်ခံမှု ပြည်တွင်းရှိ

www.burmeseclassic.com

www.burmeseclassic.com



အသင့်စီမံထားသော တို့ဗမာအစည်းအရုံးနှင့် ပြည်တွင်းသူပုန် (BRP)အဖွဲ့ဝင်တို့က နေရာတိုင်းတွင် ကင်းထောက်၍ သတင်းပေးနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

ထို့ကြောင့် တိုက်ပွဲ၏နောက်ဆုံးတွင် အင်္ဂလိပ်တို့ကို မြန်မာမြေပေါ်မှ မောင်းထုတ်နိုင်ခဲ့သည်။

## အခန်း(၈)

## ဂျပန်လက်အောက် မြန်မာနိုင်ငံရေး

ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တို့သည် မြန်မာနိုင်ငံကို ပြန်လည်သိမ်းယူပြီးနောက် ယာယီအုပ်ချုပ်ရေး အဖွဲ့များဖွဲ့စည်းပြီး အုပ်ချုပ်စေခဲ့သည်။ ထိုသို့အုပ်ချုပ်ရာတွင် တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးအတွက် ရှေးမြန်မာတို့၏ နည်းအတိုင်း လူဆိုး၊သူခိုးများကို ခပ်ကြမ်းကြမ်းနှိမ်နင်းလိုက်သဖြင့် ခေတ်ပျက်နေသော ကာလကြီးတွင် ခိုးဆိုးမှုများ အလွန်နည်းပါးသွား ခဲ့သည်။

သို့သော်

ယာယီအုပ်ချုပ်ရေးကို အရေးပေါ်ဖွဲ့စည်းလိုက်ရသဖြင့် အချို့နေရာများတွင် ချွတ်ယွင်းချက်များရှိ ခဲ့သည်။ အုပ်ချုပ်ရေးအာဏာရရှိသူအချို့သည် ပထမတွင် အတော်အဝင်မြင့်ပြီး အစိုးရအရာရှိကြီးများ၏ လိုင်စင်ရှိသော သေနတ်များကို သိမ်းယူခြင်း မပြောပလောက်သော အမှုတို့ကို ရိုက်နှက်ခြင်း၊ အာဏာပြခြင်း စသည်တို့ကို ပြုလုပ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်

ဗမာပြည်ကို အုပ်ချုပ်မည့် အစိုးရအဖွဲ့ကို စနစ်တကျ ရွေးချယ်ရန် ဂျပန်စစ်သေနာပတိ ဂျင်နရယ် အီးဒါးက စီစဉ်ခဲ့သည်။

ဒေါက်တာဘမော်ကို ခေါင်းဆောင်ထားပြီး ဒေါက်တာသိမ်းမောင်၊ ဦးဘစော၊ သခင်မြ၊ သခင်နု၊ သခင်သန်းထွန်း၊ သခင်ထွန်းအုပ်၊ သခင်ဗစိန်၊ ဦးထွန်းအောင်၊ ဗန္ဓုလ ဦးစိန်၊ ဦးဘဝင်း၊ ခါးမ ဦးဘသိန်း၊ သထုံဦးလှဖေ တို့ပါဝင်သော အုပ်ချုပ်ရေးကော်မတီအဖွဲ့ကို ခန့်ထားခဲ့သည်။

ထိုကော်မတီအဖွဲ့သည် ရန်ကုန်မြို့ အတွင်းဝန်ရုံး ဥပဒေပြု လွှတ်တော်ရုံးခန်းအနီးရှိ ဖွန်လနှင့်ဖူလိုင်လတို့တွင် အစည်းအဝေးထိုင်ပြီး ၁၉၄၂ခုနှစ်၊ ဩဂုတ်လ ၁၂ရက်နေ့တွင်အစိုးရကို ဖွဲ့စေလေသည်။

ထိုအစိုးရအဖွဲ့တွင် ပါဝင်သော ဝန်ကြီးများမှာ

၁။ ဒေါက်တာ ဘမော် (ဝန်ကြီးချုပ်)

၂။ သခင်မြ (ဌာန လက်ကိုင်မရှိ)

၃။ ဒေါက်တာ သိန်းမောင် (ဘဏ္ဍာရေး)



၄။ ဦးထွန်းအောင် (တရားဌာန)

၅။ သခင်သန်းထွန်း (မြေနှင့်လယ်ယာ စိုက်ပျိုးရေး)

၆။ သခင်ထွန်းအုပ် (သစ်တောရေး)

၇။ သခင်ဗစိန် (ဆည်မြောင်းနှင့် အလုပ်သမား)

၈။ ဗန္ဓုလ ဦးစိန် (လမ်းပန်း အဆောက်အဦးနှင့် ပြန်လည်ထူထောင်ရေး)

၉။ ဦးဘဝင်း (ပညာရေးနှင့် ကျန်းမာရေး)

၁၀။ ဦးလှဖေ (ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှု) တို့ဖြစ်ကြသည်။

ထိုအစိုးရအဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရဘဲ မြန်မာပြည်ရှိဂျပန် စစ်သေနာပတိ၏ လက်အောက်ခံအုပ်ချုပ်ရသော အစိုးရ ဖြစ်လေသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြန်မာပြည်နယ်အသီးသီးတွင် တိုက်ပွဲများဖြစ်ပွားစဉ်က တပ်သားပေါင်းများသောင်းနှင့်အထက်ရှိခဲ့သည်။ လက်နက်များမှာလည်း ဂျပန်လက်နက်များအပြင် တိုက်ပွဲရသောလက်နက်များလည်း ပါဝင်ခဲ့သည်။ တပ်သားတိုင်း၏ လက်မောင်းရင်းတွင်

www.burmeseclassic.com

www.burmeseclassic.com



အဝါ၊ အစိမ်း၊ အနီ သုံးရောင်ခြယ်အောက်ခံတွင် ဒေါင်းရုပ် အကွက်ဖော် လက်ပတ်များပတ်ထားကြသည်။

ဗမာပြည်ကို လွတ်လပ်ရေးမပေးလိုသော ဂျပန်စစ်အာဏာပိုင်များသည် ဗမာပြည်မှ အင်္ဂလိပ်တို့ကို တိုက်ထုတ်ခဲ့သော BIA တပ်မတော်ကို ဖျက်သိမ်းစေလိုသဖြင့် အပြစ်အမျိုးမျိုး ရှာခဲ့သည်။

ထိုအခါ

မြန်မာခေါင်းဆောင်များသည် လက်နက်ကိုင် ဗမာ့အမျိုးသားတပ်တစ်တပ်ရှိမှ ဖြစ်မည်ဟု နှလုံးသွင်းမိကြသဖြင့် BIA တပ်မတော်ကိုဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် (ခေါ်) BDA ကို ဖွဲ့စည်းလိုက်ကြသည်။

ထို့နောက်

BDA တပ်မတော်ထဲကို BIA တပ်သားဟောင်းများထဲမှ သင့်လျော်သူများကို ပြန်လည်သိမ်းသွင်းခဲ့ သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့ကာကွယ်ရေးတပ်မတော်၏ စစ်ဗိုလ်ချုပ် ဖြစ်လာသည်။

၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်ကလွတ်



လပ်ရေးပေးသောအခါ ဒေါက်တာဘမော်၏ အစိုးရအဖွဲ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ကာကွယ်ရေးဝန်ကြီး ဖြစ်လာခဲ့သည်။

ထိုအချိန်က

BDA တပ်သားတို့၏ စစ်ဝတ်တန်ဆာမှာ ဂျပန်တပ်သားများနှင့် ခပ်ဆင်ဆင်တူသည်။ ဦးထုပ်တွင် အဝါဘက်ရစ်လျက် ရှေ့ဖက်က ငါးမြှောင့်အဝါရောင်ပြားတွင် ထောင့်ငါးရာရှိသော အစိမ်းရောင် ကြယ်တံဆိပ် ကို တပ်ဆင်ထားသည်။ ကော်လံတွင် ဒေါင်းရုပ်တပ်ဆင်ထားသည်။ လက်စဲရင်အုံအောက်ခံ အစိမ်းပြားတွင် ငွေရောင်ဘားတန်းများ ကြယ်ပွင့်များကို ရထူးအလိုက် တံဆိပ်ကို တပ်ဆင်ကြရသည်။

BDA တွင် ခြေလျင်တပ်၊ မြင်းတပ်၊ စက်အမြောက်တပ်၊ စိန်ပြောင်းကြီးတပ်၊ စစ်သေနတ်ကြီးတပ်၊ အမြောက်ကြီးတပ်၊ လေယာဉ်ပျံပစ် အမြောက်တပ်၊ စက်မှုလက်မှု (အင်ဂျင်နီယာ)တပ်၊ ဆေးဝန်ထမ်းတပ်၊ စစ်မြင်း တပ်ဖွဲ့ စသည်များဖွဲ့စည်းပါဝင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တွင် ဂျပန်တို့ပေးသော လွတ်လပ်ရေးသည် အတုအယောင်လွတ်လပ်ရေး ဖြစ်သည်။ ဂျပန်စစ်တပ်များ မြို့ရွာများကို ဝင်တော့မည်ဆိုလျှင် မြန်မာတို့က သပြေပန်း ရေချမ်းနှင့် ကြိုဆိုကြရသည်။ သူတို့အား ပြေပြစ်စွာ ဆက်ဆံခြင်းမပြုပါက ကားတွန်းခိုင်းသည်။ ပစ္စည်းများကို သယ်ခိုင်းသည်။ လူမြင်လျှင်ခေါ်၍ အနှိပ်ခိုင်းသည်။ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများကို ရိတ်ခိုင်းသည်။ နယ်များတွင် သူလျှိုဟု အထင်မှားပြီး အဖမ်းခံရလျှင် ပြင်းပြင်းထန်ထန် နှိပ်စက်ညှင်းပန်းသည်။ အစာအငတ်ထားသည်။ လက်သည်းခွာသည်။ ကျင်စက်နှင့်တို့သည်။ ဇောက်ထိုးဆွဲထားသည်။ ရိုက်သည်။ ဓါးဖြင့်မွှန်းသည်။ တစ်ညလုံး မအိပ်ရအောင် မတ်တတ်ထားပြီး လူလဲနှင့် စစ်ဆေးသည်။ ထိုကဲ့သို့ နည်းအမျိုးမျိုးဖြင့် ညှင်းပန်းနှိပ်စက်သည်ကို မခံနိုင်၍ ဝန်ခံပါက သတ်ပစ်သည်။ ငြင်းဆန်လျှင် ဝန်မခံမခြင်း ညှင်းဆဲသည်။

ထို့ကြောင့် ဖက်ဆစ်ဂျပန်တို့ကိုပြန်လည် တော်လှန်ရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် မျိုးချစ်ပုဂ္ဂိုလ်တို့က



စီစဉ်ကြလေသည်။ အချိန်ကာလနှင့် အခြေအနေပေးလာသောအခါ မျိုးချစ်ပုဂ္ဂိုလ်မှန်သမျှ ပါဝင်သောဂျပန် ဆန့်ကျင်ရေး အင်အားတစ်ရပ် ပေါ်ထွက်လာလေသည်။ ထိုအင်အားစုက ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီး ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော ဗမာ့တပ်မတော် ပြည်သူအရေးတော်ပုံပါတီနှင့် ကွန်မြူနစ်ပါတီတို့သည် ၁၉၄၄ခုနှစ် ဩဂုတ်လအတွင်းတွင် ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးကို စတင်တည်ထောင်လိုက်ကြသည်။

ထို့နောက်

ဗိုလ်ချုပ်အောင်ဆန်းဦးစီးသော ဗမာ့တပ်မတော်သည် မဟာမိတ်တို့ အကူအညီဖြင့် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ကြလေသည်။

ဤသို့ဖြင့်

မြန်မာနိုင်ငံတွင် ဂျပန်တို့၏ ဖက်ဆစ်စနစ်ဆိုးကြီး တစ်ခု လုံးဝချုပ်ငြိမ်းသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

## ဂျပန်အပြေး အင်္ဂလိပ်ပြန်အဝင် မြန်မာနိုင်ငံရေး အခြေအနေ

ဗိုလ်ချုပ်အောင်ဆန်းသည် အသက်သုံးဆယ် ဆိုပေမဲ့ ခေါင်းဆောင်တစ်ယောက်၏ အရည်အချင်းနှင့် ပြည့်စုံ သည်။ ထူးချွန်ထက်မြက်သည်။ မြန်မာ့လွတ်လပ်ရေးရဖို့ဆိုလျှင် ရှေ့ဆုံးမှ အသက်စွန့်ရဲသည်။ ဖက်ဆစ်ဂျပန် တော်လှန်ရေးကို အောင်မြင်စွာ ခေါင်းဆောင်နိုင်သော ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ခေါင်းဆောင်ကြီးဘဝမှအမျိုးသားခေါင်းဆောင်ကြီး ဖြစ်လာသည်။

ထို့အတူ

ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့သည် ဖက်ဆစ်ဂျပန်များကို တိုက်ခိုက်အပြီးတွင် အင်အားကြီးမားသော အမျိုးသား အင်အားစုကြီး ဖြစ်လာသည်။ ပြည်သူနှင့် ဗိုလ်ချုပ်အောင်ဆန်းသည် ခွဲခြားလို့ မရတော့ပေ။

ထိုအကြောင်းကို မသိသော ဘုရင်ခံဒေါ်မန်စမစ်သည် မြန်မာနိုင်ငံကို ဖက်ဆစ်ဂျပန်တို့ အုပ်ချုပ်သည့်

www.burmeseclassic.com

www.burmeseclassic.com



သုံးနှစ်တာကာလအတွင်း အိန္ဒိယနိုင်ငံမှာ ခိုအောင်းပုန်းကွယ်နေရာမှ မြန်မာနိုင်ငံတွင် ဂျပန်တို့မရှိတော့သည့် အချိန်တွင် ရန်ကုန်ကို အပြုံးဖြင့် ပြန်လာခဲ့သည်။ သူနှင့်အတူ အင်္ဂလန်မှ ဗြိတိန်သျှ အစိုးရထုတ်ပြန်လိုက်သော ရွှေရည်စိမ် လွတ်လပ်ရေးဖြစ်သည့် စက္ကူဖြူစာတမ်း ပါလာခဲ့သည်။

ထို့နောက်

၁၉၄၅ခုနှစ် အောက်တိုဘာ ၁၇ ရက်နေ့တွင် မြို့တော်ခန်းမမှာ ကျင်းပသည့်ဂုဏ်ပြုဧည့်ခံပွဲ၌ မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုမှာ ပြီးဆုံးသွားပြီဖြစ်ကြောင်း၊ မကြာမီမှာပင် အခြေအနေပေးသည်နှင့် တပြိုင်ထဲ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် တိုင်းပြု ပြည်ပြု လွှတ်တော်ရွေးကောက်ပွဲ ကျင်းပရတော့ မည်ဖြစ်ကြောင်း ဟိတ်ကြီး၊ ဟန်ကြီးဖြင့် ပြောဆိုခဲ့သည်။ ထို့နောက် ဆက်လက်ပြီး ပြောကြားရာ တွင် "ရွေးကောက်ပွဲ ကျင်းပရေး မပြုမီအတောအတွင်း ၁၉၃၅ခုနှစ် မြန်မာအစိုးရ အက်ဥပဒေအရ စက္ကူဖြူစာ တမ်းတွင်ပါသော အချက်အတိုင်း မြန်မာနိုင်ငံကို ဘုရင်ခံတစ်ဦးတည်း အုပ်ချုပ်သည့်စနစ်ဖြင့် သုံးနှစ်မျှ



အုပ်ချုပ်မည်ဟု ဆိုသော်လည်း ကိုယ်ပိုင်အာဏာကို တစ်ယောက်တည်း သုံးစွဲမည်မဟုတ်ပေ။ အမှုဆောင်ကောင်စီတို့ ဥပဒေပြုကောင်စီတို့ကို ခန့်ထား မည်။ ပါဝင်ကြပါ"ဟု ဖိတ်ခေါ်သည်။

ဘုရင်ခံ ဒေါ်မန်စမစ်၏ ပြောကြားကြေငြာချက်မှာ မြန်မာတို့အဖို့ ရိုးအီနေသော ဟင်းတစ်ခွက်လို ဖြစ်နေသည်။ ဂျပန်တို့ကို ရဲရဲဝင့်ဝင့်တော်လှန်ခဲ့သော လူငယ်များကို မဆွဲဆောင်နိုင်ပေ။ မြန်မာ့ခေါင်းဆောင် များသည် တိုက်ပွဲပေါင်းများစွာကို တိုက်ခိုက်အနိုင်ယူခဲ့သော ဗမာ မျိုးချစ်တပ်မတော်ကို လက်နက်အပ်ပြီး ဖျက်သိမ်းရန် ဆန္ဒမရှိသေးပေ။ ထို့အပြင် ဘုရင်ခံဒေါ်မန်စမစ်ပြောသလို သုံးနှစ်၊ သုံးမိုး၊ သူ့သဘောနှင့် သူစိုးမိုးအုပ်ချုပ်မည့်ကိစ္စနှင့် လွတ်လပ်ရေးတိုက်ပွဲပြီးဆုံးသွားပြီဆိုသော စကားကို လက်မခံနိုင်ကြပေ။ ထို့ကြောင့် ဘုရင်ခံဒေါ်မန်စမစ်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့သည် ထိပ်တိုက်တွေ့ဆုံကြ လေသည်။

ဒေါ်မန်စမစ်သည် မြန်မာနိုင်ငံကို ဂျပန်များဝင်ရောက်ချိန်က အတူတကွ ထွက်ပြေးဆုတ်ခွာခဲ့သော မြန်မာ့

www.burmeseclassic.com



နိုင်ငံရေးသမားများ ဖြစ်ကြသည့် ဆာပေါ်ထွန်း၊ ဆာထွန်း အောင်ကျော်တို့ကို အထင်ကြီးသည်။ ၎င်းတို့သည် အရေးနိမ့် ချိန်တွင် သူနှင့်အတူ အိန္ဒိယနိုင်ငံ၊ ဆင်းမလားမြို့ကို လိုက်ပါခဲ့ သဖြင့် အလွန်သစ္စာရှိကြသည်ဟု ထင်ထားသည်။ ၎င်းတို့ ကလည်း ဘုရင်ခံဒေါ်မန်စမစ်ကို မြှောက်ပေးကြသည်။ ဗိုလ်ချုပ်အောင်ဆန်းကို သခင်ပေါက်စတစ်ဦးအဖြစ်သာ သဘောထားကြသည်။ ရာထူးပေးလျှင် ကိစ္စအေးမည်။ အကယ်၍ ရာထူးဖြင့် မရလျှင် အာဏာဖြင့်ဖြဲခြောက်သည်။

သို့သော်

မြန်မာလူထု တစ်ရပ်လုံးက ဗိုလ်ချုပ်အောင်ဆန်း နောက်တွင် ရှိနေသလို၊ ဗိုလ်ချုပ်ကိုယ်တိုင်ကလည်း ချော့ တိုင်းလည်း မပျော့၊ ခြောက်တိုင်းလည်း မကြောက်သဖြင့် ရန်သူသဖွယ် ဖြစ်လာခဲ့၏

ဤသို့ဖြင့်

ဘုရင်ခံ ဒေါ်မန်စမစ်သည် ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်ထားသော ပြည်သူ့ရဲဘော်အဖွဲ့ကို ဖျက်သိမ်း ပစ်ရန်တောင်းဆိုလိုက်သည်။ ပြည်သူ့ရဲဘော်အဖွဲ့သည်



ဖဆပလ၏ ခါးပိုက်ဆောင်တပ်ဖွဲ့ဟု စွပ်စွဲသည်။

ပြည်သူ့ရဲဘော်အဖွဲ့ချုပ်၏ မူလအစမှာ ဗမာ့မျိုးချစ် တပ်မတော်ကို ဖျက်သိမ်းပြီး ဗမာ့တပ်မတော်အသွင်ပြောင်းဖွဲ့ စည်းရာ တွင် အရေအတွက်အားဖြင့် တပ်သား ၅၂၀၀၊ အရန် ၃၀၀၀နှင့် ဗိုလ် ၂၀၀၊ အရန်ဗိုလ် ၂၀၀ အထိသာ ဖွဲ့စည်းခွင့်ရရှိ ခဲ့လေသည်။

ထို့ကြောင့်

ပိုလျှံနေသော ဗမာ့မျိုးချစ် တပ်မတော်သားများကို ဗိုလ်ချုပ်အောင်ဆန်းက ဦးဆောင်ပြီး ဟိုယောင်ယောင် ဒီယောင်ယောင် မဖြစ်စေရန်အတွက် ပြည်သူ့ရဲဘော်အဖွဲ့ ချုပ်ကို ဖွဲ့စည်းပေးလေသည်။

ထိုပြည်သူ့ရဲဘော်တပ်ဖွဲ့ကို မျိုးချစ်တပ်မတော်မှ တပ်သားဟောင်းများသာမက၊ လူငယ် လူရွယ်များပါ စိတ်ဝင် တစားနှင့် ဝင်ရောက်လာကြသဖြင့် နိုင်ငံအနှံ့အပြားတွင် ရာ ပေါင်းများစွာသော အရေအတွက်အထိ တိုးတက်များပြား လာခဲ့သည်။

ပြည်သူ့ရဲဘော်များသည် တူညီဝတ်စုံကို ဝတ်ဆင်၍ -

www.burmeseclassic.com

www.burmeseclassic.com



သစ်သားရိုင်ဖယ်များဖြင့် သင်တန်းဆင်းကြသည်။

ထိုအခါ၊

ဘုရင်ခံဒေါ်မန်စမစ်သည် ပြည်သူ့ရဲဘော်များကို ယူနီဖောင်းဝတ်ပြီး လေ့ကျင့်ခြင်း မပြုလုပ်ရန် တားမြစ်လေသည်။ ထိုအမိန့်ကို မနာခံပဲ ပြည်သူ့ရဲဘော်များသည် ယူနီဖောင်းဝတ်ပြီး လေ့ကျင့်သောကြောင့် ဘုရင်ခံဒေါ် မန်စမစ်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့သည် "ဖက်ဆစ် ဆန်သည်"ဟု အပြန်အလှန် စွပ်စွဲကြလေ သည်။

ထိုသို့

တင်းမာနေသော အခြအနေကြောင့် တိုတောင်းသော အချိန်အနည်းငယ်အတွင်းမှာပင် နှစ်ဖက်ထိပ်တိုက်တွေ့ကြလေသည်။ ၁၉၄၆ခုနှစ် မေလ ၁၈ ရက်နေ့တွင် ထန်းတပင်၌ ပြည်သူ့ရဲဘော်များက လှည့်လည် ဆန္ဒပြသည်ကို ဘုရင်ခံဒေါ်မန်စမစ်၏ ပုလိပ်များက သေနတ်ဖြင့်ပစ်သဖြင့် အချို့မှာသေပြီး၊ အချို့က ဒဏ်ရာရကြသည်။ ၎င်းဖြစ်ရပ်သည် တစ်နိုင်ငံလုံးကို ကူးစက်ပျံ့နှံ့သွားသောကြောင့် ကန့်ကွက်ဆန္ဒပြပွဲများနှင့် အတူအလွန်တင်းမာသည့်



အဆင့်ကို ရောက်ရှိသွားပါသည်။

ဘုရင်ခံ ဒေါ်မန်စမစ်သည် ဗိုလ်ချုပ်အောင်ဆန်းကို ဖြိုလဲရန်အတွက် နည်းမျိုးစုံဖြင့် ကြိုးစားခဲ့သည်။ နောက်ဆုံးတွင် ဘုရင်ခံသည် ဂဠုန်ဦးစောကို ယူဂန်မှ ထုတ်ယူပြီး ဗိုလ်ချုပ်အောင်ဆန်းကို ဖက်ပြိုင်ရန်အတွက် နိုင်ငံရေးလောကထဲသို့ လွှတ်ပေးလိုက်သည်။

ဂဠုန်ဦးစောသည် မြန်မာ့နိုင်ငံရေးလောကကို ပြန်ရောက်သောအခါ ယခင်သူထမ်းဆောင်ခဲ့ဘူးသော နန်းရင်းဝန် ဟန်ပန်မပျောက်ပျက်ပေ။ သူထောင်ထဲရောက်နေတုန်း ပေါ်ပေါက်ခဲ့သည့် ဗမာနိုင်ငံသစ် အ ကြောင်းကို သူမသိသေးပေ။ ထိုအချိန်ကအသက် လေးဆယ်လေးနှစ်ရှိပြီး ဖြစ်သည့်ဂဠုန်ဦးစောသည် အသက် သုံးဆယ်ကျော် ဗိုလ်ချုပ်အောင်ဆန်းကို သခင်ပေါက်စ တစ်ဦးအဖြစ်သာမြင်ထားသည်။ သူ့လောက် ဗိုလ်ချုပ် အောင်ဆန်းသည် နိုင်ငံရေး ပရိယာယ်မရှိဟု ထင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

## ဒေါ်မန်စမစ်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂျွန်ဦးစော

ဘုရင်ခံဒေါ်မန်စမစ်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလတို့ ပူးပေါင်းပါဝင်မှုမပါဘဲ မြန်မာနိုင်ငံကို အုပ်ချုပ်ဖို့ ကြိုးစားခဲ့သည်။ သို့သော် အောင်မြင်မှုမရခဲ့ပေ။ ထို့ကြောင့် ဖဆပလအဖွဲ့ချုပ်အား ၎င်း၏အစိုးရအဖွဲ့တွင် ပါဝင်ရန် ဖိတ်ခေါ်ရတော့သည်။

ဤသို့ဖြင့်

အမှုဆောင် (၁၅)ဦးဖြင့် ဖွဲ့စည်းမည့် အမှုဆောင်ကောင်စီတွင် ဖဆပလ အဖွဲ့ချုပ်က (၁၁)ဦးအမည် တင်သွင်းပေးလိုက်သည်။ ထို(၁၁)ဦး အမည်စာရင်းတွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အထွေထွေအတွင်းရေးမှူး သခင်သိန်းဖေလည်း ပါဝင်ခဲ့သည်။ ထို့နောက်အချက်အချာကြသည့် ပြည်ထဲရေးဌာနကို ဖဆပလအားပေးရန် တောင်းဆိုလိုက်သည်။ ထိုအခါ ဘုရင်ခံဒေါ်မန်စမစ်က နိုင်ငံရေးလှည့်ကွက်တစ်ခုကို သုံးလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင်က အမှုဆောင်အဖွဲ့ကို (၁၅)ဦးဖြင့် ဖွဲ့စည်းမည့်အစား (၁၁)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ဖဆပလအဖွဲ့ချုပ်မှ သခင်သိန်းဖေမပါဘဲ (၇)ဦးအမည် စာရင်းပေးရန် ပြောဆိုလေသည်။ ထို့ကြောင့် ဖဆပလအဖွဲ့ချုပ်သည် ဘုရင်ခံဒေါ်မန်စမစ်၏ ကမ်းလှမ်းချက်ကို ပယ်ချလိုက်လေ သည်။

ဒေါ်မန်စမစ်သည် ၎င်းအစိုးရအဖွဲ့ကို စစ်မဖြစ်မီကနာမည်ကောင်းမရရှိခဲ့ကြသည့် နိုင်ငံရေးသမားဟောင်းများ၊ စစ်ပြီးခေတ်တွင် အများကပြက်ရယ်စရာ ဖြစ်နေသောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလေသည်။

၎င်းအစိုးရအဖွဲ့တွင် ဆာပေါ်ထွန်း၊ ဆာထွန်းအောင်ကျော် စသော ဝါရင့် နိုင်ငံရေးသမားများအပြင် လူဟောင်းများဖြစ်သော ဦးပု၊ ဦးဘအုန်း၊ ဦးလွန်း၊ ဦးရန်အောင်၊ သာယာဝတီနှင့် သခင်ထွန်းအုပ်တို့ ပါဝင်ကြ သည်။

၁၉၄၆ခုနှစ် ဇွန်လတွင် ဘုရင်ခံ ဒေါ်မန်စမစ်သည် ဝမ်းနာခေါင်းခဲ ရောဂါဖြစ်သဖြင့် အင်္ဂလန်ကို ပြန်သွားသည်။ ထိုအခါ ဝန်ကြီးချုပ် အက်တလီက လော့မောင့်ဘက်တန်နှင့် တိုင်ပင်ပြီး မြန်မာနိုင်ငံကို ဧမဂျာဂျင်နယ်ဆားဟူးဘတ်ရန်ကို



ဘုရင်ခံအသစ်အဖြစ် စေလွှတ်လိုက် လေသည်။ ဘုရင်ခံသစ်ဖြစ်လာသော ဆားဟူး ဘတ်ရန် သည် ရန်ကုန်ကို ရောက်ရှိလာသောအခါ ဗိုလ်ချုပ် အောင် ဆန်းနှင့် တွေ့ဆုံပြီး အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းပြီး ခေါင်းဆောင် ရန် ဖိတ်ခေါ်လိုက်လေသည်။

ထို့ကြောင့်

၁၉၄၆ခုနှစ် စက်တင်ဘာ ၂၆ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းပြီး ဘုရင်ခံ၏အမှုဆောင်အဖွဲ့တွင် ဒုတိယဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။ ထိုဒုတိယဥက္ကဋ္ဌဆိုသည်မှာ ဝန်ကြီးအဖွဲ့၏ခေါင်းဆောင်ဝန်ကြီးချုပ်ပင် ဖြစ်သည်။

ဘုရင်ခံသည် သူ၏အစိုးရအဖွဲ့ကို ပြောင်းလဲပြီး ဂဠုန်ဦးစော၊ သခင်ဗစိန်၊ စောဘဦးတို့ကို ထည့်သွင်းထားလေသည်။

ဂဠုန်ဦးစောသည် ခေါင်းဆောင်ကြီးသာ လုပ်လိုသောသူဖြစ်သည်။ သူသည်ခေါင်းဆောင်ဖြစ်ရန်လည်း အမြဲမျှော်ကိုးစားခဲ့သည်။ ယခုမူ သူသည် ခေါင်းဆောင်မဖြစ်ပဲ

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးအဖွဲ့၌ ပါဝင်နေရပြီ။

ထိုသို့

သူခေါင်းဆောင်မဖြစ်ရသည်မှာလည်း ဗိုလ်ချုပ်အောင်ဆန်းရှိနေလို့ဟု ထင်ထားသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းကို လုံးဝကြည့်မရပေ။ ရင်ထဲတွင် မုန်းတီးနေသည်။

ဂဠုန်ဦးစောတွင် ရန်သူများသည်။ နန်းရင်းဝန်ဖြစ်စဉ်တုန်းက အနိုင်ကျင့်ထားသည်များကို မကျေနပ်သူများရှိသည်။

ထို့ကြောင့်

ဝန်ကြီးဖြစ်မည့် စက်တင်ဘာလတွင် သူသည်ကားဖြင့်အပြင်သို့ သွားရာ အမည်မသိသူတစ်ယောက် ကအနီးကပ်ပြီး သေနတ်ဖြင့် ပစ်ခတ်သွားသည်။ သေနတ်ဒဏ်ရာကြောင့် ကံကောင်ပြီးအသက်မသေသော်လည်း မျက်လုံးတွင် ဒဏ်ရာရရှိခဲ့လေသည်။

## အခန်း(၁၁)

## မြန်မာ့လွတ်လပ်ရေး စာချုပ်

မြန်မာနိုင်ငံကို ဘုရင်ခံဆားဟူးဘတ် အုပ်ချုပ်နေသော ၁၉၄၆ခုနှစ် ဒီဇင်ဘာလတွင် ဗြိတိသျှအစိုးရက မြန်မာ့လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာအဖွဲ့ကို ဆွေးနွေးရန်အတွက် လန်ဒန်ကိုဖိတ်ခေါ်လိုက်လေသည်။

ထို့ကြောင့်

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သောအဖွဲ့သည် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ကို ရောက်ရှိခဲ့လေသည်။ ထိုအချိန်က ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ဝတ်စုံရှိုးရှိုးကြီးနှင့် စစ်အကျီအနွေးထည်ကိုသာ ဝတ်ဆင်ထားသည်။ ဗိုလ်ချုပ်၏ အရည်အချင်းနှင့် စိတ်ဓာတ်ကို သိသောကြောင့် သူနှင့် အဖွဲ့ကိုဆောင်းမွန်စွာ ကြိုဆိုကြလေသည်။ ဗိုလ်ချုပ်ခေါင်းဆောင်သော အဖွဲ့တွင်ဂဠုန်ဦးစောလည်း ပါဝင်ခဲ့သည်။

ဆွေးနွေးပွဲကို နန်းရင်းဝန်အက်တလီကိုယ်တိုင်ခေါင်းဆောင်ပြီး ဆွေးနွေးပွဲမှ စာချုပ်ချုပ်ဆိုရန် ... [continued]

www.burmeseclassic.com

www.burmeseclassic.com



များ ပါဝင်ကြသည်။ ဆွေးနွေးသည့်အခါတွင်လည်း နှစ်နိုင်ငံ အစိုးရအဖွဲ့ အချင်းချင်းဆွေးနွေးကြသည့် ထုံးစံနှင့်အညီဆွေးနွေးကြသည်။ ယခင်ကလို မြန်မာကိုယ်စားလှယ် များကို ဆက်ဆံသည့် နည်းမျိုးမဟုတ် တော့ပေ။ မြန်မာနိုင်ငံတွင် နန်းရင်းဝန် (ဝန်ကြီးချုပ်)ဖြစ်ခဲ့ဘူးသည့် ဂဠုန်ဦးစော သွားတုန်းကပင် ဗြိတိသျှအစိုးရ အဖွဲ့ခေါင်းဆောင် မစ္စတာ ချာချီနှင့် တစ်ခါတခဏသာ တွေ့ခဲ့ရသည်။ ကိုလိုနီနိုင်ငံများ ဆိုင်ရာ ဝန်ကြီးမစ္စတာ အေမရီနှင့်သာ ကိစ္စပြီးခဲ့ရသည်။

ယခုတော့ နန်းရင်းဝန် အက်တလီကိုယ်တိုင် ဦးဆောင်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ အဖွဲ့ကို မြန်မာ့လွတ်လပ်ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့လေသည်။ စစ်သားပီပီ စစ်သားစကားကိုသာ ပြောတတ်သော ဗိုလ်ချုပ်အောင်ဆန်းသည် တိုတိုနှင့်လိုရင်းကို ပြောခဲ့သည်။ ဗိုလ်ချုပ်၏ ရှင်းလင်းရိုးသားမှုကို ဗြိတိသျှအစိုးရတို့က လက် ခံခဲ့သည်။

ထို့နောက်

၁၉၄၇ခုနှစ် ဇန်နဝါရီလ ၂၇ရက်နေ့တွင် အောင်ဆန်း အက်တလီစာချုပ်ကို ချုပ်ဆိုခဲ့လေသည်။ ထိုအချိန်က



မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ပါလာသော ဂဠုန်ဦးစောက ကန့်ကွက်စကားပြောသေးသည်။ သို့ရာတွင် အသံသာရှိပြီး အဆန်မရှိသော ဂဠုန်ဦးစောစကားကို ဗြိတိသျှအစိုးရက အရေးအရာမယူပေ။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ယုံယုံကြည်ကြည်စာချုပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ ၎င်းစာချုပ်ပါ အချက်အလက်များမှာ

**အောင်ဆန်း – အက်တလီစာချုပ်**

ကိုယ်စားလှယ်တော်များက အရေးဆိုသော ဂရိတ်ဗြိတိန်နှင့် မြန်မာနိုင်ငံတော်တို့၏ အနာဂတ် ဆက်ဆံရေးနှင့် သက်ဆိုင်သော ကိစ္စအဝဝတို့ကို ဘုရင်မင်းမြတ်အစိုးရနှင့် မြန်မာနိုင်ငံတော် အမှုဆောင်ကောင်စီ၏ ကိုယ်စားလှယ်တော်များ ဆွေးနွေးတိုင်ပင်ပြီးလျှက်၊ "ကော်မော်ဝလ်သ်" အတွင်းတွင်ဖြစ်စေ၊ အပြင်မှဖြစ်စေ၊ စောလျင်နိုင်သမျှ စောလျင်စွာ မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားများတို့သည် မိမိတို့လွတ်လပ်ရေးကို ဆွတ်ခူးနိုင်စေမည် ဖြစ်သောနည်းလမ်းများနှင့် စပ်လျဉ်း၍ အောက်ပါသဘောတူ အဆုံးသတ်ချက်များကို ရောက်ရှိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## တိုင်းပြုပြည်ပြုလွှတ်တော်

မြန်မာနိုင်ငံတော်သူသားတို့သည် မိမိတို့နိုင်ငံ၏ အနာဂတ် အုပ်ချုပ်ရေးကို စောလျှင်နိုင်သမျှ စောလျှင်စွာ ဆုံးဖြတ်နိုင် စိမ့်သောငှါ၊ ၁၉၃၅ခုနှစ် အက်ဥပဒေအရ ဥပဒေပြုအဖွဲ့အ စား၊ တိုင်းပြုပြည်ပြု လွှတ်တော်ကို ရွေးကောက်တင် မြှောက် စေရမည်။ ဤကိစ္စအတွက် ၁၉၃၅ ခုနှစ် အက်ဥပဒေရွေး ကောက်နည်းစက်ကို အသုံးပြုလိမ့်မည်။

လူမျိုးသီးခြားမထားရှိသော လူစု၊ ကရင်အမျိုးသားစု၊ အင်္ဂလိပ်-မြန်မာ ကပြားလူစုများအတွက်၊ ရွေးကောက်ပွဲကို ဧပြီလတွင် ကျင်းပလိမ့်မည်။ လူစုအသီးသီးအတွက် အဖွဲ့ဝင်နှစ်ဦးစီ ရွေးကောက်တင်မြှောက် ရမည်။ အထက်တွင် ဖော်ပြခဲ့သော လူစုတစ်စုစုမှ အခြားဖြစ်သော လူမျိုးသီးခြား မထားသော လူစုတစုတွင် စာရင်းသွင်းပြီးသော နောက်ဆက် တွဲ (က)တွင် ရှင်းလင်းဖော်ပြသည့်အတိုင်း မြန်မာနိုင်ငံလူ မျိုးတစ်ဦးကို သီးခြားလူမျိုး မထားရှိသော လူစုစာရင်းတွင် တင်သွင်းရလိမ့်မည်။



### ၂။ ။ ခေတ်ပြောင်းချိန်အစိုးရ အမျိုးအစား

ခေတ်ပြောင်းချိန်ကာလအတွင်း မြန်မာနိုင်ငံကော် အစိုးရသည် ယခုအကိုင်းကဲ့သို့ပင်၊ ၁၉၃၅ခုနှစ် အက်ဥပ ဒေအပိုဒ် ၁၃၉အရ အပ်နှင်းထားသော အထူးအာဏာများ နှင့် ၁၉၄၅ခုနှစ် ယာယီစီမံချက်အက်ဥပဒေနှင့်တကွယင်း ဥပဒေအရ ကောက်စီတွင် ထုတ်ပြန်လိုက်သော အမိန့်ဟူသ မျှအတိုင်း ဆောင်ရွက်သွားလိမ့်မည်။

အစိုးရတာဦးတာဘက်၏ သဘောတွင်အထူးဆောင် ရွက်ရန်လိုသည်ဟု ထင်မြင်သောထူးခြားသည့် အကြောင်း အချက်များ ပေါ်ပေါက်လျှင် ထိုအကြောင်းအချက်များကို လိုက်လျောရန် ပြောင်းလဲနိုင်ချက်ပြုလုပ်နိုင်သည်ကို ဘုရင် မင်းမြတ်အစိုးရက စဉ်းစားလိမ့်မည်။

### ၃။ ။ ကြားဖြတ်ဥပဒေပြုအဖွဲ့

ကြားဖြတ်ကာလအတွင်း ၁၉၄၅ခုနှစ်အက်ဥပဒေက ပြဋ္ဌာန်းသည့် အတိုင်းဖြစ်သော ဥပဒေပြုကောင်စီတခု ရှိလိမ့်မည်။ အခွင့်ပြု ထားသောဦးရေကို ၅၀မှ ၁၀၀သို့ တိုးမြှင့်ရန် အာဏာကို ဘုရင်မင်းမြတ်အစိုးရက

www.burmeseclassic.com

www.burmeseclassic.com



ကောင်စီတွင်ထုတ်ပြန်သော အမိန့်ဖြင့်ဖွေရှာလိမ့်မည်။

တိုင်းပြုပြည်ပြု လွှတ်တော်အတွက် ရွေးကောက်တင်မြှောက်ခြင်းများ ပြီးဆုံးသည်နှင့် တပြိုင်နက်၊ ဘုရင်ခံမင်းကြီးသည် ဦးရေ ၁၀၀ပါဝင်သော ဥပဒေပြုကောင်စီတခုကို အမည်တပ်ခန့်အပ်လိမ့်မည်။ ထိုကောင်စီအဖွဲ့တွင် တိုင်းရင်းမဟုတ်သော လူနည်းစုများ၏ ကိုယ်စားဆောင်ရွက် ရန် လူဦးရေအနည်းငယ်ကိုပါဝင်စေလျက်၊ တိုင်းပြုပြည်ပြု လွှတ်တော်သို့ ရွေးကောက်တင်မြှောက် လိုက်သောသူများထဲမှ ရွေးချယ်လိမ့်မည်။

ဥပဒေပြု ကောင်စီ၏ အာဏာများမှာ၊ မကြာသေးမီက ဖျက်သိမ်းလိုက်သောဦးရေ ၅၀ပါဝင်သည့် ဥပဒေပြုကောင်စီရရှိထားသော အာဏာများနှင့် ထပ်တူထပ်မျှ ဖြစ်လိမ့်မည်။

## ၄။ ။ ကြားဖြတ် အစိုးရ

ဘုရင်ခံမင်းကြီး၏ အမှုဆောင်ကောင်စီသည် မြန်မာနိုင်ငံတော်၏ ကြားဖြစ်အစိုးရ ဖြစ်လိမ့်မည်။ အထက်ပါ အပိုဒ် ၂တွင် ဖော်ပြခဲ့သော အဖြူထည်ဘောင်အတွင်းတွင်၊



ဆက်လက်ရပ်တည်ရမည်ဖြစ်သော အမှုဆောင်ကောင်စီသို့မဟုတ် ဘုရင်ခံမင်းကြီး၏ တရားဝင်အာဏာများကို မပြောင်းလဲစေရန် မဖြစ်နိုင်သော်ငြားလည်း ကြားဖြတ် အစိုးရသည် ယခုအခါ အိန္ဒိယကြားဖြတ် အစိုးရနည်းတူ ယေဘုယျအားဖြင့် ဆောင်ရွက်သွားလိမ့်မည့်ပြင်၊ အထူးသဖြင့် -

(က) အမှုဆောင်ကောင်စီကို ဒိုမီနီယံ အစိုးရများအား ရင်းနှီးစွာတိုင်ပင်နှီးနှော အလေးဂရုပြုသကဲ့သို့ ပြုမူလိမ့်မည်ပြင် အမှုဆောင်ကောင်စီသည် နိုင်ငံအုပ်ချုပ် ရေးဆောင်ရွက်မြဲတာဝန်များကို ဆောင်ရွက်ရာ၌ အကြီးနိုင်ဆုံးသော လွတ်လပ်ခွင့်ကို ရရှိလိမ့်မည်။

ဝန်ကြီး အဖွဲ့အစည်းဝေးပွဲများတွင် ဘုရင်ခံမင်းကြီးက ဥက္ကဋ္ဌအဖြစ်ဖြင့်ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ၁၉၃၅ခုနှစ်အက်ဥပဒေတည်ဆဲ သဘောအတွင်းအသုံးပြုသော ဓလေ့ထုံးစံကို အမှုဆောင်ကောင်စီနှင့် သက်ဆိုင်ရာတွင်ပင် ဆက်လက်ကျင့်သုံးလိမ့်မည်။

(ခ) မြန်မာနိုင်ငံတော် အစိုးရသည် ကိုယ်ပိုင်အုပ်ချုပ်ရေးအုပ်ချုပ်မှု (နောက်ဆက်တွဲ(ခ)ကို ကြည့်ပါ)ကို ရရှိစေမည်

www.burmeseclassic.com



ဟု မှုအားဖြင့် ဘုရင်မင်းမြတ်၏ အစိုးရကသဘောတူညီသည်။

(ဂ) ကာကွယ်ရေးနှင့် နိုင်ငံရေးဆိုင်ရာ ကိစ္စများကို အမှုဆောင်ကောင်စီတွင် တင်သွင်းလိမ့်မည်။ အမှုဆောင်ကောင်စီသည် ဤအရေးကိစ္စများကို စီမံခန့်ခွဲရာတွင် အပြည့်အစုံတွဲဘက် ဆောင်ရွက်လွှဲအပ် လိမ့်မည်။

(ဃ) ထိုကိစ္စများ ဆောင်ရွက်မြဲတာဝန်ကို ဘုရင်ခံမင်းကြီးက ကာကွယ်ရေးနှင့် နိုင်ငံခြားရေး အတိုင်ပင်ခံဝန်ကြီးအား တာဝန်လွှဲအပ်လိမ့်မည်။ထိုကိစ္စများ ဆောင်ရွက်မြဲတာဝန်ကို ဘုရင်ခံမင်းကြီးက ကာကွယ်ရေးနှင့် နိုင်ငံခြားရေးအတိုင်ပင်ခံဝန်ကြီးအား တာဝန်လွှဲအပ်လိမ့်မည်။

တရားဝင်အခြေအနေတွင် သက်ရောက်သော ကန့်သတ်ချက်များမှအပ၊ အမှုဆောင်ကောင်စီ အဖွဲ့သည်စီမံကိန်းနှင့်အုပ်ချုပ်မှုနယ်ပယ်တွင် ပေါ်ပေါက်သောကိစ္စဟူသမျှကို အရေးဆိုရန်၄င်း၊ စဉ်းစားရန်၄င်း၊ ဆွေးနွေးရန်၄င်း၊ ဆုံးဖြတ်ရန်၄င်း လုံးဝလွတ်လပ်ခွင့် ရှိလိမ့်မည်။



၅။ ။ နိုင်ငံခြားရေးကိစ္စများ

လန်ဒန်မြို့တော်တွင် မြန်မာအစိုးရ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ရန် မြန်မာနိုင်ငံတော် အတွက် မဟာမင်းကြီးတပါး ခန့်ထားစေလိမ့်မည်။ မြန်မာနိုင်ငံတော်က တိုင်းရေးပြည်မှု စေ့စပ်ပြောဆိုသူ ကိုယ်စားလှယ် လဲလှယ်လိုသော နိုင်ငံများ၏ အစိုးရများအား ထိုကဲ့သို့လဲလှယ်ခြင်းကို သဘောတူရန် ဘုရင်မင်းမြတ် အစိုးရက တောင်းဆိုလိမ့်မည်။

၆။ ။ ပြည်ထောင်အချင်းချင်း အဖွဲ့အစည်းများ၏ အဖွဲ့ဝင်အဖြစ်

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးအဖြစ်ဖြင့် ပါဝင်ရန် မြန်မာနိုင်ငံတော်၏ လျှောက်ထားချက် ကို မြန်မာနိုင်ငံတော်၏ တိုင်းပြုပြည်ပြုရေး အခြေအနေသည် ထိုလျှောက်ထားချက်မျိုးကို လက်ခံနိုင်လောက်အောင်ဖြစ်သည်နှင့် တပြိုင်နက် ဘုရင်မင်းမြတ်အစိုးရက လုံးဝထောက်ခံချက်ပေးလိမ့်မည်။ ဤအတောအတွင်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ကြီးမှူးသော အစည်းအဝေးများတွင် မြန်မာနိုင်ငံတော်က မည်သို့မျှ လောက်ပါဝင်ဆောင်ရွက်နိုင်သည်ကို ကမ္ဘာ့ကုလသမဂ္ဂ၏

www.burmeseclassic.com

www.burmeseclassic.com



အထွေထွေအတွင်းရေးမှူးနှင့် စုံစမ်းညှိနှိုင်းလိမ့်မည်။

မြန်မာနိုင်ငံတော်က ချဉ်းကပ်ဆက်သွယ်စေလိုသော အခြားအခြားသော ပြည်ထောင်အချင်းချင်း အဖွဲ့အသင်းများ တို့လည်း ထိုအဖွဲ့များ၏ အလုပ်တွင် အဖွဲ့ဝင် နိုင်ငံအဖြစ် ဖြင့်မဟုတ် အခြားနည်းဖြင့် မြန်မာနိုင်ငံတော်က ပါဝင်ဆောင် ရွက်နိုင်မနိုင်ကို ထောက်လှမ်းစောင့်ရှောက်သောသဘောနှင့် ချဉ်းကပ်ဆက်သွယ်လိမ့်မည်။

၇။ ။ **ကာကွယ်ရေး**

(က) တည်မြဲလျက်ရှိသော လုပ်ရိုးလုပ်စဉ်အတိုင်း မြန်မာနိုင်ငံတော်တွင် ချထားသော ဗြိတိသျှစစ်သည်တော် များအားလုံးသည် ဘုရင်မင်းမြတ်အစိုးရ၏ အဆုံးစွန်သော အုပ်ချုပ်မှုလက်အောက်တွင် နေလိမ့်မည်။

(ခ) မြန်မာစစ်သည်တော် အားလုံးတို့မှာ မြန်မာ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုအောက်သို့ ချက်ချင်း ရောက်ရှိလိမ့်မည်။

(ဂ) မြန်မာနိုင်ငံတော်စစ်ဗိုလ်ချုပ်ကြီးသည် စောနိုင် သမျှစောစော ဖြစ်နိုင်သောအချိန်၌ ဘုရင်ခံမင်းကြီး နှင့်



မြန်မာနိုင်ငံတော်အစိုးရ လက်အောက် ခံဖြစ်စေရမည် ဟူသည်ကို မူအားဖြင့် ဘုင်ခံမင်းမြတ်အစိုးရမှာ သဘော တူညီကြောင်း၊ သို့ရာတွင် ယခုအခိုက်အတန့်မှာ နိုင်ငံပေါင်း များစွာတွင် ပါဝင်လျက်ရှိသော မဟာမိတ် အချင်းချင်း စစ် ဘက်ဆိုင်ရာအုပ်ချုပ်မှုအစီအစဉ်များကို မရုတ်သိမ်းသေးသမျှ မြန်မာနိုင်ငံတော် စစ်ဗိုလ်ချုပ်ကြီးသည် အရှေ့အာရှတိုက် တောင်ပိုင်းကုန်းတပ်များ လက်အောက်ခံ ဖြစ်နေလိမ့်မည်။ ဤကာလအတွင်း မြန်မာနိုင်ငံတော် အစိုးရနှင့်ဆိုင်ရာ အာ ဏာပိုင်တို့သည် ဓမ္မတာအတိုင်းပင် ရင်းနှီးစွာပူးပေါင်း ဆောင်ရွက်လိမ့်မည်။

ရေတပ်၊လေတပ်များနှင့် စပ်လျဉ်း၍လည်း အလား တူသင့်တင့်လျောက်ပတ်သော အစီအစဉ်များကို သတ်မှတ် ထားလိမ့်မည်။

(ဃ) မြန်မာနိုင်ငံတော် ကာကွယ်ရေးတပ်များ ဖွဲ့စည်းခြင်းတွင် ကူညီထောက်ပံ့ရန် ပြဿနာသည် နှစ်ဦး သောအစိုးရတို့ ဆွေးနွေးရန် ကိစ္စဖြစ်ပေလိမ့်မည်။ ဘုရင်မင်း မြတ်အစိုးရက ဤကိစ္စတွင် မြန်မာနိုင်ငံတော် အစိုးရအား

www.burmeseclassic.com

www.burmeseclassic.com



အစွမ်းကုန်ကူညီရန် ဆန္ဒရှိသော်လည်း၊ ကမ္ဘာပေါ်ရှိအခြား ရပ်ကွက်ဒေသများတွင် ယူပြီးသောကြီးလေးသည့်တာဝန် များကိုလည်း ဂရုထားရပေဦးမည်။

(င) အုပ်ချုပ်ရေးသစ် ဖြစ်ထွန်းသက်ရောက်လာ သည့်နောက်၊ မြန်မာနိုင်ငံတော်ရှိ ဗြိတိသျှတပ်များကို ဆက် လက်ထားရှိရန် သို့မဟုတ် အသုံးပြုရန်ပြဿနာမှာ ဘုရင်မင်း မြတ်အစိုးရနှင့် မြန်မာနိုင်င တော်အစိုးရတို့ သဘောတူရန် ကိစ္စဖြစ်ပေလိမ့်မည်။

## ၈။ နယ်ခြားဒေသများ

နယ်ခြားဒေသများနှင့် ဝန်ကြီးများအုပ်ချုပ်သော မြန်မာနိုင်ငံတော်ကို ထိုဒေသများတွင်နေထိုင်သော သူများ၏ လွတ်လပ်သော သဘောတူချက်နှင့် အချိန်မနှောင်း ပေါင်း စည်းခြင်း အောင်မြင်ရန်မှာ ဘုရင်မင်းမြတ်အစိုးရနှင့် မြန်မာ ကိုယ်စားလှယ်တော်များ နှစ်ဦးနှစ်ဘက်၏ သဘော တူညီပြီး သော ရည်ရွယ်ချက်ဖြစ်သည်။ ဤအတောအတွင်း နယ်ခြားရှိ လူများသည် နှစ်ဦးနှစ်ဘက် အကျိုးရှိသော ကိစ္စများနှင့် ပတ်သက်၍ နှစ်ဦးနှစ် ဘက် လက်ခံနိုင်သော နည်းဖြင့် မြန်မာ



နိုင်ငံတော်အစိုးရတို့နှင့် ရင်းနှီးစွာပေါင်းသင်း တွဲဘက်ရာ သည်။ ဤသည်တို့ကို မြှော်ကိုး၍သဘောတူညီကြသည်မှာ-

(က) နယ်ခြားဒေသလူများနှင့် ဝန်ကြီးချုပ်များ အုပ်ချုပ်သော မြန်မာနိုင်ငံတော်လူများသည် အတားအဆီးမ ရှိဘဲ လွတ်လပ်စွာကူးလူးဆက်ဆံခြင်း ရှိစေမည်။

(ခ) (၁) နယ်ခြားကိစ္စများပေါ်တွင် ဘုရင်ခံမင်းကြီးကု အကြံဉာဏ်ပေးရန်နှင့် အမှုဆောင်ကောင်စီနှင့် ရင်းနှီးစွာ ဆက်ဆံရန် နယ်ခြားကိုယ်စားလှယ် ခန့်ထားခြင်းဖြင့် လည်း ကောင်း၊ သို့မဟုတ်

(၂) နယ်ခြားကိစ္စများကို အုပ်ချုပ်သော အမှုဆောင် ဝန်ကြီးအဖြစ်ဖြင့် နယ်ခြားဒေသကိုယ်စားလှယ် တဦးခန့်ထား ခြင်းဖြင့်လည်းကောင်း၊ သို့မဟုတ်

(၃) အခြားနည်းဖြင့်လည်းကောင်း၊ ခေတ် ပြောင်းခေတ်လွှဲကာလအတွင်း လက်ခံနိုင်မည်ဟု မိမိတို့ထင် မြင်သော မြန်မာနိုင်ငံတော်အစိုးရနှင့် ပူးတွဲပေါင်းဘက်ပုံနှင့် ပတ်သက်၍ မိမိတို့ထင်မြင်ချက်များကိုထုတ်ဖော်ပြောဆိုနိုင် ရန် နောက်လဆန်းတွင် ကျင်းပမည်ဖြစ်သောဝန်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကွန်ဖရင့်တွင်လည်းကောင်း သို့မဟုတ် ဤကိစ္စအ တွက် ကျင်းပသောအထူးကွန်ဖရင့်တွင်လည်းကောင်း၊ နယ်ခြားဒေသရှိ လူများ၏ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များကို မေးမြန်းရမည်။

(ဂ) ပင်လုံအစည်းအဝေး သို့မဟုတ် အထူးကွန်ဖရင့်အစည်းအဝေးပြီးဆုံးသည့်အခါတွင် ဘုရင်မင်းမြတ်အစိုးရနှင့် မြန်မာနိုင်ငံတော်အစိုးရတို့သည် နယ်ခြားလူများ ထုတ်ဖေါ်ပြောဆိုသော ထင်မြင်ချက်များနှင့် လိုက်လျောညီစွာ အများသဘောတူ လိုလားချက်များကို ဖြည့်စွမ်းရန် အကောင်းဆုံးသောနည်းစနစ် သဘောတူညီချက် ယူလိမ့်မည်ဖြစ်ကြောင်း။

(ဃ) မြန်မာနိုင်ငံတော် အုပ်ချုပ်ရေးဥပဒေသစ်အတိုင်းဆောင်ရွက်ရာ၌ နယ်ခြားသားများ ပေါင်းစည်းဆက်ဆံနိုင်ရန် အကောင်းဆုံးသော နည်းစံနစ်ရှာဖွေရန်အတွက် စုံစမ်းရေးကော်မတီတခုကို ချက်ချင်းတည် ထောင်ရန် ဝန်ကြီးများအုပ်ချုပ်သော မြန်မာနိုင်ငံတော် ရပ်ကွက်ဒေသမှ အမှုဆောင်ကောင်စီအဖွဲ့က တင် မြှောက်သော အဖွဲ့ဝင်များ



နှင့် နယ်ခြားဒေသခေါင်းဆောင်များ တိုင်ပင်၍ နှောလျက်တင်မြှောက်သောအဖွဲ့ဝင်များ၊ ထိုကော်မတီတွင် ဦးရေအညီအမျှပါဝင်လိမ့်မည့်ပြင် သဘောတူရွေးချယ်သော မြန်မာနိုင်ငံတော်အပြင်အပမှ ကြားနေပုဂ္ဂိုလ်တဦးကို ဥက္ကဋ္ဌခန့်ထားမည်ဖြစ်ကြောင်း၊ ဤကော်မတီက တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးမစမီအစီရင်ခံစာ တင်သွင်းရန်တောင်းဆိုမည်။

## ၉။ ။ ဘဏ္ဍာရေး

ဘဏ္ဍာရေးပြဿနာများကို အတော်အတန်စဉ်းစားခဲ့ပြီး၍ ဤကိစ္စများကို မည်သို့စီမံခန့်ခွဲရန် သဘောတူ ညီချက်တခုဆိုက်ရောက်ခဲ့ပြီးဖြစ်သည်။ သဘောတူညီချက်ကိုမူ ပူးတွဲပါနောက်ဆက်တွဲတွင် ဖေါ်ပြထားသည်။

နောက်ဆက်တွဲ (က)။

လာမည့်ရွေးကောက်ပွဲတွင် မဲဆန္ဒပေးရွေးကောက်ခြင်းခံနိုင်ခွင့်အလို့ငှာ မြန်မာနိုင်ငံတော်တွင် မွေးဖွား၍ ၁၉၄၂ ခုနစ် ဇန်နဝါရီလ ၁ရက်နေ့ သို့မဟုတ် ၁၉၄၇ခုနစ် ဇန်နဝါရီလ ၁ရက်နေ့မနှောင်းဖြစ်သော ၁၀နှစ်အတွင်း တွင် စုစုပေါင်း၈နှစ်

www.burmeseclassic.com

ထက်မနည်း မြန်မာနိုင်ငံတော်တွင် နေထိုင်ခဲ့သော ဗြိတိသျှ လက်အောက်ခံသို့မဟုတ် အိန္ဒိယနယ်လက်အောက်ခံ နိုင်ငံသားကို မြန်မာအမျိုးသားဟု အဓိပ္ပါယ်ဖော် ပြသည်။

**နောက်ဆက်တွဲ (ခ)။ ဘဏ္ဍာရေး။**

(၁) မြန်မာနိုင်ငံတော်သည် ကိုယ်ပိုင်ဘဏ္ဍာရေး အုပ်ချုပ်ခွင့်ရှိသင့်သည်ကို ဘုရင်မင်းမြတ်အစိုးရတို့က သဘောတူပြီး ဖြစ်သည်။

(၂) "နိုင်ငံချင်းချင်း ငွေကြေးရန်ပုံ" နှင့် "နိုင်ငံချင်းချင်းဘဏ်"တွင် ပါဝင်လိုက လျှောက်ထားရန် အခြေအနေရှိသည်နှင့် တပြိုက်နက် ခိုင်လုံသောအဖွဲ့ဝင်တစ်ဦး အဖြစ်ကိုရစိမ့်သောငှါ ဘုရင်မင်းမြတ်အစိုးရတို့က စွမ်းအားရှိသလောက် ဆောင်ရွက်ရန် တာဝန်ယူပြီးဖြစ်သည်။

(၃) ၁၉၄၅ခု၊ အောက်တိုဘာလမှ ၁၉၄၆ခု စက်တင်ဘာလအထိ မြန်မာနိုင်ငံတော် ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံတော်က အတိုးလွတ် ရွှေဒင်္ဂါးပေါင်း ၈၀၀၀၀၀၀ ခန့်(အသားတင်)ရရှိခဲ့ပြီ။ ထို့ပြင် ၁၉၄၆ခု အောက်တိုဘာလမှစ၍ ၁၉၄၇ခု၊ စက်တင်ဘာလအထိ ဘဏ္ဍာရေးနှစ်အတွင်း



နောက်ထပ် ၇၅သန်း(အသားတင်) ရရှိရန်အတွက် သဘောတူပြီး ဖြစ်သည်။ နယ်ခြားဒေသများအတွက် ထောက်ပံ့ကြေးများကို ထည့်သွင်းစဉ်းစား၍ ရိုးရိုးဘတ်ဂျက်တွင် ယခုဘုရင်မင်းမြတ်အစိုးရက သဘောတူပြီး ဖြစ်သည်။

(၄) (အစိုးရတို့၏ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများနှင့် ယေဘုယျအားဖြင့် သက်ဆိုင်သော) ပရိဂျက်စီမံကိန်းဆိုင်ရာ ဘတ်ဂျက်နှင့် စပ်လျဉ်း၍ ဘုရင်မင်းမြတ်က ဘိလပ်နိုင်ငံမှ အချုပ်အချယ်မရှိ သော်လည်း အပြန်အလှန် အပြည့်အစုံအကြောင်းကြားနည်းနှင့် သတ်မှတ်ထားသော ငွေချေးရေး ကိစ္စပြုလုပ်နိုင်မည်မလုပ်နိုင်မည်ကို ဘုရင်မင်းမြတ်အစိုးရက စုံစမ်းစစ်ဆေး လိမ့်မည်။

(၅) ဘဏ္ဍာရေးအခြေမှန်များကို ထပ်မံတွဲဘက်စစ်ဆေး၍ရသော တွက်ကိန်းများကို သတိမူပြီးလျှင် အတိုးလွတ်ချေးငှားသော ငွေတစိတ်တဒေသအဖြစ်ကို အပြီးအငြိမ်းထောက်ပံ့ငွေအဖြစ်သို့ ပြောင်းလဲနိုင်သည်ကို မူအားဖြင့်သဘောတူရန် ဘုရင်မင်းမြတ်အစိုးရက အဆင်သင့်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



(၉) တဦးအပေါ် တဦး တာဝန်မထားဘဲ ဘဏ္ဍာရေး အခြေမှန်ကို မြန်မာနိုင်ငံတွင် ထပ်မံတွဲဘက်စစ် ဆေးရန် သဘောတူညီကြောင်း၊ အပိုဒ်ငယ်၃၊ အပိုဒ်ငယ် ၄တွင် ဖေါ်ပြထားသော သဘောတူညီချက်ထက်ပိုမို၍၊ ဘုရင်မင်း မြတ်အစိုးရထံမှ ထပ်မံအကူအညီအလိုရှိသဖြင့် ထိုသို့သော အကူအညီပေးခဲ့လျှင် သဘောတူညီထားသော စည်းကမ်း ချက်များ အတိုင်းဖြစ်လိမ့်မည်။

## (၁၀) အခြားကိစ္စများ

မြန်မာနိုင်ငံတော်၏ အဆင့်အတန်း ပြောင်းလဲခြင်း နှင့် စပ်လျဉ်း၍ ဘုရင်မင်းမြတ်၏ အစိုးရနှင့် မြန်မာနိုင်ငံတော် အစိုးရတို့ သဘောတူဆိုက်ရောက်ရန် အခြားပြဿနာများ ပေါ် ပေါက်လိမ့်မည်။ ဤပြဿနာများကို ပေါ်ပေါက်လာ သည့် ဘလျောက်လက်ခံ၍ ယခုဆွေးနွေးပွဲများတွင် ထင်ရှား ခဲ့သော မိတ်ဆွေရင်းချာ သမာဓိယုံမနှလုံးထားဖြင့် ဆောင် ရွက် လိမ့်မည်။

ဘုရင်မင်းမြတ်အစိုးရနှင့် မြန်မာအမှုဆောင်ကောင်စီ ၏ ကိုယ်စားလှယ်များသည် တိုင်ပင်နှီးနှောခြင်းနှင့် ကူညီရိုင်း



ပင်းခြင်း၊ ယခုနည်းကို ဆက်လက်စေသောအားဖြင့် ဗြိသိသျှ "ကော်မော်ဝဲလ်သ်"အတွင်းတွင် ဖြစ်စေ၊ အပြင်အပမှဖြစ်စေ၊ ကိုယ်ပိုင်လွတ်လပ်သော မြန်မာနိုင်ငံတော်ဘဝသို့ ရောက်စေ လိုသော နှစ်ဦးနှစ် ဘက် ရည်ရွယ်ချက်ကို ချောမောလျင်မြန် စွာ တိုးထက်အောင် ပြုလုပ်နိုင်လိမ့်မည်ဟု တထစ်ချယုံကြည် သည်။ ထို့အတွက်ကြောင့် မြန်မာနိုင်ငံတော်၏ အုပ်ချုပ်ရေး သစ်မရောက်မီ ခေတ်ပြောင်းခေတ်လွှဲတလျှောက် ပေါ် ပေါက်လိမ့်မည်ဖြစ်သော အနာဂတ်ကိစ္စများကို သဘော တူဆိုက်ရောက်ရေးတွင် တဦးကိုတဦး ရိုင်းပင်းကူညီရန် သ ဘောတူကြလေသည်။

စီ၊ အာရ်၊ အက်တလီ၊ အောင်ဆန်း။

၁၀ဒေါင်းနင်းလမ်း။

ဇန်နဝါရီလ ၂၇ရက်၊ ၁၉၄၇ခု

စသည်တို့ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၂)

## ဂဠုန်ဦးစော၏ အကြံ

ဂဠုန်ဦးစောသည် လန်ဒန်မှအပြန်တွင် အစိုးရအဖွဲ့မှ နုတ်ထွက်ခဲ့သည်။ အောင်ဆန်း-အက်တလီ စာချုပ်ကို မချုပ်ဆိုဖြစ်အောင် ကန့်ကွက်စကားဆိုခဲ့သော ဂဠုန်ဦးစောကို ဗိုလ်ချုပ်အောင်ဆန်းက ဘယ်လိုမှသဘောမထားဘဲ သူလုပ်စရာရှိတာကို ဆက်လက်လုပ်လေသည်။

ဂဠုန်ဦးစောသည် ဗိုလ်ချုပ်အောင်ဆန်းကို ထပ်ကာထပ်ကာ တိုက်ခိုက်သည်။ အောင်ဆန်း-အက်တလီစာချုပ်ချုပ်အပြီး ရန်ကုန်ကို ပြန်ရောက်သောအခါ ဂဠုန်ဦးစောက "ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှအစိုးရ၏ ဩဇာကို မလွန်ဆန်သဖြင့် စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ရသည်။ ထိုသို့လက်မှတ်ရေးထိုးသောအခါ ဗိုလ်ချုပ်အောင်ဆန်း၏ လက်သည် တုန်တုန်ရီရီရှိနေသည်"ဟု မဟုတ်မမှန်ပြောဆိုခဲ့သည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းသည် မည်သို့မျှ မချေပပေ။

အမှန်တွင် မြည်သူသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



အတူ ရှိနေသည်။ ပြည်သူနှင့် ဗိုလ်ချုပ်ကို ခွဲခြား၍ မရပေ။ ထို့ကြောင့် ဂဠုန်ဦးစောသည် ပြည်သူမပေးသော နိုင်ငံတော်အာဏာကို အကြမ်းနည်းဖြင့် လုယူရန် ကြံစည်အားထုတ်တော့သည်။ တပည့်မွေး၍ လူစုသည်။ သူစေခိုင်းရာကို လုပ်မည့်လူတစ်စုကို သူ့အိမ်တွင် ကျွေးမွေးပြုစုထားသည်။ လွတ်လပ်ရေးနီးကပ်လာခါနီးဖြစ်လေ ဂဠုန်ဦးစောအိမ်တွင် အဝင်အထွက်များပြီး လူရှုပ်လေလေ ဖြစ်နေသည်။ ဦးစောကို နန်းရင်းဝန်အဖြစ် တင်မြှောက်တုန်းက အင်္ဂလိပ်အုပ်စုက အစိက ဖြစ်ခဲ့သည်။ ထို့ကြောင့် ဂဠုန်ဦးစောသည် အင်္ဂလိပ်ကုန်သည်ကြီးများ၊ အရာရှိကြီးများနှင့် သင့်မြတ်ခဲ့ သည်။ ယခုလည်း နိုင်ငံတော်အာဏာကို ဗိုလ်ချုပ်အောင်ဆန်းမဟုတ်ဘဲ ဦးစောရရှိပါက သူတို့အတွက်အကျိုးအမြတ် ရှိမည်ဟု အင်္ဂလိပ်လူအချို့က ထင်ထားကြလေသည်။ ထို့ကြောင့် ဦးစော၏ ဆန္ဒကိုဖြည့်ဆည်းပေးဖို့ အသင့်ရှိနေကြသည်။

ထိုအချိန်တွင်

ရန်ကုန်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံရန်



အင်္ဂလိပ်စစ်တပ် လက်နက်တိုက်မှ စက်သေနတ် အလတ်(၂၀၀)ခိုးထုတ်သွားသော သတင်းကပျံ့နှံ့လာသည်။ အင်းယားကန်စောင်းတွင်ရှိသော ဦးစော၏ အိမ်တွင် အဝင်အထွက်များနေသည်။ သို့ရာတွင် ကောလဟာလသတင်းပျံ့နှံ့နေပေမဲ့ ထောက်လှမ်းရေး တာဝန်ယူရသူများ၊ လုံခြုံရေးတာဝန် ယူရသူများသည် ထိရောက်စွာကြိုတင်မကာကွယ်နိုင်ခဲ့ပေ။

ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်သူကို ယုံကြည်သည်။ သူ၏ နေအိမ်၊ ရုံးခန်း၊ ဝန်ကြီးများ အစည်းအဝေးခန်းများကို လွတ်လပ်စွာ ဝင်ကြထွက်ကြသည်။

ဤသို့ဖြင့်

၁၉၄၇ခုနှစ် ဇူလိုင်(၁၉)ကို ရောက်ရှိလာခဲ့သည်။ ထိုနေ့ နံနက်တွင် ဝန်ကြီးများအစည်းအဝေးရှိသဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ရုံးခန်းနှင့်ဆက်စပ်နေသော စည်းဝေးဆောင်၌ ဝန်ကြီးများ စုဝေးကြသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာစတ်စုံကိုဝတ်၍ တာဝါလိန်းနေအိမ်မှ နံနက်၁၀နာရီခန့်တွင် ထွက်ခွာလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ရုံးခန်းသို့ရောက်ပြီးလျှင် အစည်းအဝေး စတင်သည်။ ဗိုလ်ချုပ်အောင်ဆန်းက ထိပ်စားပွဲတွင် ထိုင်သည်။ လက်ဝဲ လက်ယာစားပွဲရှည်များတွင် ဝန်ကြီးများ ထိုင်ကြသည်။ အတွင်းဝန်ဦးရွှေဘော်က ဗိုလ်ချုပ် အောင်ဆန်း အနီးတွင် ထိုင်သည်။ အတွင်းဝန်ဦးအုန်းမောင်က သူ့ဌာနဆိုင်ရာ ကိစ္စတစ်ရပ်ကို ရှင်းလင်းတင်ပြရန်လာရောက်သည်။

အစည်းအဝေးစ၍ လူစုံသောအခါ ဦးစော စေလွှတ်လိုက်သည့် တပည့်များသည် ၁၂နံပါတ်တံဆိပ်ပါ စစ်ဝတ်စုံများကို ဝတ်ဆင်၍ တော်မီစက်သေနတ်များကို ကိုင်ဆောင်ကာ ဝန်ကြီးများအစည်းအဝေးသို့ ဝင်ရောက်ပစ်ခတ် ကြလေသည်။

ဗိုလ်ချုပ်အောင်ဆန်းက ရပ်၍လက်ဟန်ပြကာ တားမြစ်သေးသည်။ လူသတ်သမားများက ဗိုလ်ချုပ်အောင်ဆန်းကိုသာ အဓိကပစ်မှတ်ထားသည်။ သူ့ဆီသို့ သဲသဲမဲမဲ ပစ်ခတ်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ကျည် ၁၃ချက် သင့်၍ ကျဆုံးလေသည်။

အစည်းအဝေးဆောင် တစ်ခုလုံးကိုလည်း အနှံ့



အစပ် သူတို့ပစ်ခတ်ကြသည်။ ဝန်ကြီးဦးမြ (ပျော်ဘွယ်)၊ ဦးဘဂျမ်းနှင့် ဦးအောင်ဇံဝေတို့က ကံကောင်း၍ လွတ်ကြသည်။ အတွင်းဝန် ဦးရွှေဘော်လည်း လွတ်မြောက်သည်။

ကျန်ဝန်ကြီးများနှင့် အတွင်းဝန်ဦးအုန်းမောင်တို့ ဒဏ်ရာဒဏ်ချက်များစွာဖြင့် နေရာတွင်ပင် ကျဆုံးကြသည်။ မိုင်းပွန်စော်ဘွားကြီးနှင့် ဒီးဒုတ်ဦးဘချိုတို့သည် ဆေးရုံကြီးတွင် နာရီအနည်းငယ်ခံကြသည်။ သို့ရာတွင် ဆရာဝန်ကြီးများနှင့် မှုခင်းဆရာဝန်ကြီး ဒေါက်တာဘသန်းတို့က ကြိုးစား၍ အသက်လုကြသော်လည်း မရပေ။

ဗိုလ်ချုပ်အောင်ဆန်းတို့ကို လုပ်ကြံပြီးအပြန် အတွင်းဝန်ရုံးလှေကားအနီးတွင် လူသတ်သမားတို့က ဝန်ကြီးဦးရာဇတ်၏ သက်တော်စောင့်ကိုထွေးကို အဖျားခတ် သတ်ဖြတ်သွားကြသည်။

လုပ်ကြံခြင်းသတင်းသည် တစ်မဟုတ်ခြင်း ရန်ကုန်မြို့တွင်းတွင် ပြန့်နှံ့သွားသည်။ ထို့နောက် နာရီပိုင်းအတွင်း တနိုင်ငံလုံးအတွင်းကို ပြန့်နှံ့သွားသည်။ ထိုနေ့မကုန်မီ ကြားသိသူက ထိုသတင်းဆိုးကြီးကိုကြားပြီး စိတ်လှုပ်ရှားခံစားကြရ

www.burmeseclassic.com



လေသည်။

စောစောပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်း ဒဏ်ရာရသည်။ သို့ရာတွင် မသေဟု သတင်းလွှင့်ထားရသည်။ အခြားခေါင်းဆောင်များထဲမှလည်း မည်သူတွေကျဆုံးပြီ၊ ဘယ်သူတွေဖြင့် အသက်မသေ လွတ်မြောက် သည်။ မည်သူတွေကို ကားဆေးရုံ၌ အသက်လု၍ ခွဲစိတ်ကုသနေသည်ဟု သတင်းစကားများ ဖြစ်ပွားသေးသည်။ သို့ရာတွင် သတင်း အမှန်အပြည့်အစုံကား ဖုံးကွယ်ထား၍ မရပါ။ ဖုံးကွယ်ထား ၍လည်း မဖြစ်နိုင်ပါ။ ပြည်သူအားအမှန်အတိုင်းပြောပြီးမှ ပြည်သူတို့ကို ဖျောင်းဖျစည်းရုံးနိုင်မည် ဖြစ်ပေသည်။

ယမ်းငွေ့မပြယ်မီ ဝန်ကြီးများအစည်းအဝေးသို့ ဝင်ရောက်ကြသောအခါ စစ်တလင်းတစ်ခုလို တွေ့ကြရလေသည်။ ကျည်ဆန်ခွံတွေနှင့် ကျည်ဆန်မိုးရွာထား၍ ဖရိုဖရဲ လဲပြိုနေသော အရာဝတ္ထုများ၊ ထိုအကြားတွင် ကျည်သင့်ပြီးသွေးအလိမ်းလိမ်းနှင့် ကျဆုံးနေသော ပုဂ္ဂိုလ်များ၊ အသက်ငွေ့ငွေ့သာကျန်သော ပုဂ္ဂိုလ်များ၊ လူသတ်သမားတို့က သူတို့လုပ်ရန်လာသည်ကို သွေးအေးအေး သေသေချာချာလုပ်ခဲ့



ကြသည်။ သူတို့ကို တားဆီးမည့်သူမရှိ၊ နှောင့်ယှက်မည့်သူမရှိပေ။

ကျဆုံးစာရင်း အပြည့်ကောက်၍ရသောအခါ ဗိုလ်ချုပ်အောင်ဆန်းသာမက ဘုရင်ခံအမှုဆောင် ကောင်စီ (ဝန်ကြီးအဖွဲ့)မှ တစ်ဝက်ကျော်ပါသည်ကို တွေ့ကြရသည်။ ဒုတိယအတွင်းဝန် ဦးအုန်းမောင်ပါ သည်။ သက်တော်စောင့်ကိုထွေးပါသည်။ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၊ ဝန်ကြီးခြောက်ဦး၊ အတွင်းဝန်တစ်ဦး၊ သက်တော်စောင့်တစ်ဦး စုစုပေါင်း ကိုးဦးဖြစ်သည်။

**လုပ်ကြံခြင်းခံရသော ဘဏ္ဍာရေးဌာနဝန်ကြီး သခင်မြ**

ဘဏ္ဍာရေးဌာနဝန်ကြီး သခင်မြသည် အေးမြတည်ငြိမ်သော ပုဂ္ဂိုလ်၊ လူငယ်ခေါင်းဆောင်များ အကြားတွင် သူကလူကြီးတစ်ယောက် ဖြစ်ခဲ့သည်။ သာယာဝတီခရိုင်တွင် ရှေ့နေလိုက်ရာမှ ဆရာစံအရေး တော်ပုံမှ ပေါက်ဖွားသော အမှုများတွင် တရားခံများကို လိုက်ပါခုခံခဲ့သည်။ တို့ဗမာအစည်းအရုံး၏ ကိုယ့်မင်းကိုယ့် ချင်း အဖွဲ့မှ ဥပဒေပြုလွှတ်တော်သို့ အမတ်အဖြစ် ရွေးကောက်တင်

www.burmeseclassic.com

www.burmeseclassic.com



မြှောက်ခြင်း ခံရသည်။ စစ်အတွင်း ဗမာအစိုးရ အဖွဲ့တွင် ဒုတိယဝန်ကြီးချုပ် ဖြစ်ခဲ့သည်။ ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်တစ်ဦးလည်းဖြစ်သော သခင်မြကို ဗိုလ်ချုပ် အောင်ဆန်းနှင့် ရဲဘော်များက အားထားလေးစား ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော အဖွဲ့တွင် အရေးပါစွာပါဝင်၍ လန်ဒန်၌ ဗမာ့လွတ်လပ်ရေးအတွက် ဆွေးနွေးခဲ့သည်။ ရန်သူတို့၏ ကျည်ဆန်များသည် သူ့အဆုတ်များကို အမွှာမွှာ ချေမှုန်းသည်။ အစည်းအဝေးဆောင်တွင်ပင် အသက်ပျောက်ရသည်။

## စက်မှုလက်မှု အလုပ်သမားဌာနဝန်ကြီး မန်းဘခိုင်

စက်မှုလက်မှုအလုပ်သမားဌာနဝန်ကြီး မန်းဘခိုင်သည် ဟင်္သာတခရိုင် ယုံသလင်းမှ ထင်ပေါ်ကျော်ကြားလာသော နိုင်ငံရေးသမား ကရင်ခေါင်းဆောင် ဖြစ်သည်။ တော်လှန်ရေးတွင် ထိုနယ်မှ လှုပ်ရှားခဲ့သည်။ အပြောအဆိုကောင်းသည်။ ဆက်ဆံရေး ပြေပြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းက သူ့ကိုလည်း လေးစားယုံကြည်သည်။ လူသတ်သမားတို့ ပစ်ခတ်သဖြင့်ဒဏ်ရာ၅ချက်ရ၍ နေရာတွင်



အသက်ပျောက်ခဲ့ရသည်။

## လုပ်ကြံခြင်းခံရသော အမျိုးသားစီမံကိန်းနှင့် ပညာရေးဌာနဝန်ကြီး ဦးရာဇတ်

ဦးရာဇတ်သည် ပြုံးပြုံးအေးအေးနေတတ်သည်။ မန္တလေးမြို့ အမျိုးသားကျောင်းအုပ်ကြီးအဖြစ်နှင့် အမျိုးသားစိတ်ပြင်းထန်သောလူငယ်များကို ပျိုးထောင်ပေးခဲ့သည်။ သူကိုယ်တိုင်ကျောင်းသားသပိတ်ချီတက်ပွဲများတွင် ပါဝင်တတ်သည်။ အားပေးတတ်သည်။ ရန်သူ့ကျည် ၆ချက်သင့်၍ နေရာတွင်ပင် ကျဆုံးရလေသည်။

## လုပ်ကြံခြင်းခံရသော ပြန်ကြားရေးဌာနဝန်ကြီး ဒီးဒုတ်ဦးဘချို

ဒီးဒုတ်ဦးဘချိုသည် ဆရာကြီးတစ်ဆူဖြစ်သည်။ လူငယ်များက ခင်မင်ကြသည်။ သူ၏ ဒီးဒုတ်ဂျာနယ်က အမျိုးသားလွတ်လပ်ရေး၊ အမျိုးသားပညာရေး၊ ယဉ်ကျေးမှုထိန်းသိမ်းရေးတို့တွင် ရှေ့တန်းအလံကိုင် ဖြစ်ခဲ့သည်။ ဂျာနယ်နှင့် သူ့အိမ်သည် လူငယ်အမျိုးသား ခေါင်းဆောင်များ စုဝေးရာ၊ အခြေပြုရာ ဖြစ်ခဲ့သည်။ အသက်မငယ်တော့

www.burmeseclassic.com



သော်လည်း လူသတ်သမားတို့၏ ကျည်ဆန်ငါး ချက်ဒဏ်ကို ဆရာကြီးဦးဘချို အကြိတ်အနယ် ခံခဲ့ရသေးသည်။ ဒဏ်ရာများတွင် ဦးနှောက်ကို ထိုးဖောက်သောဒဏ်လည်း ပါသည်။ ဆေးရုံကြီးတွင် ဆရာဝန်ကြီး ဒေါက်တာဘသန်းနှင့် ပါရဂူများက ဝိုင်းဝန်း၍ အသက်လုကြသော်လည်း မွန်းလွဲသော် ဆရာကြီးဦးဘချို အသက်ပျောက်ခဲ့ရသည်။

**လုပ်ကြံခြင်းခံရသော နယ်ခြားဒေသများဆိုင်ရာဝန်ကြီး မိုင်းပွန်စော်ဘွား စပ်စံထွန်း**

မိုင်းပွန်စော်ဘွားကြီးစပ်စံထွန်းသည် ပကတိတောင်ပေါ်သားဖြစ်ပြီး သူ့ရှမ်းကုန်းမြေပြင်တို့ကို သူခင်တွယ်သည်။ လယ် ယာစိုက်ပျိုးခြင်းတွင် ဝါသနာထုံသည်။

သူ့ဦးခေါင်းတွင် ရန်သူ့လက်ချက်ဖြင့် ဒဏ်ရာနှစ်ချက်ရသည်။ ထိုဒဏ်ရာတို့ကို တစ်ညကျော်၍ မွန်းလွဲသည်အထိခံပြီးမှ ကွယ်လွန်ခဲ့သည်။

**လုပ်ကြံခြင်းခံရသော ကူးသန်းသွယ်ရေးနှင့် ယောက်ပံ့ရေးဝန်ကြီး ဦးဘဝင်း**

ဦးဘဝင်းသည် ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကိုကြီး



ဖြစ်သည်။ ကျောင်းဆရာအဖြစ် ပညာရေး လောကတွင် သူမွေ့လျော်ခဲ့သည်။ သာမန်အားဖြင့် နိုင်ငံရေးနယ်သို့ သူရောက်ဖို့မဟုတ်ပေ၊ လူရိုးလူကောင်းတစ်ဦးဖြစ်သော သူ့ကိုကုန်သွယ်ရေးမှာထားသင့်သည်ဟု သခင်နုက ဗိုလ်ချုပ်အောင်ဆန်းကို ပြောသည်။

ရန်သူကျည်ဒဏ်ရှစ်ချက်ဖြင့် ဦးဘဝင်းသည် သူချစ်သောညီ၊ သူ့အစိုးရအဖွဲ့၏ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အတူကျဆုံးလေသည်။

**လုပ်ကြံခြင်းခံရသော ဒုတိယအတွင်းဝန် ဦးအုန်းမောင်**

ဦးအုန်းမောင်သည် ပြည်သူ့ဝန်ထမ်းထဲမှ လူရည်ချွန်တစ်ဦး ဖြစ်ခဲ့သည်။ သူ၏ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး ဌာနဝန်ကြီး စောစံဖိုးသင်နယ်ထွက်နေ၍ ဌာနဆိုင်ရာကိစ္စတစ်ရပ်ကို ဝန်ကြီးများအစည်းအဝေး၌ တင်ပြရန်ရောက်ရှိနေစဉ် လူသတ်သမားတို့နှင့် တိုးခဲ့ရခြင်းဖြစ်သည်။ အခန်းတွင်ပင် ဦးအုန်းမောင် အသက်ပျောက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



**လုပ်ကြံခြင်းခံရသော သက်တော်စောင့် ကိုထွေး**

သက်တော်စောင့်ကိုထွေးသည် အသက်တစ်ဆယ့်ရှစ်နှစ်သာရှိသေးသော လူငယ်တစ်ယောက် ဖြစ်သည်။ လူသတ်သမားတို့သည် ဗိုလ်ချုပ်အောင်ဆန်းတို့ကိုသတ်အပြီး အပြန်တွင် ကိုထွေးနှင့် တွေ့ဆုံ၍ လုပ်ကြံသွားခြင်း ဖြစ်သည်။ ဒဏ်ရာလေးချက်ဖြင့် ကိုထွေးသည် အသက်ထွက်ခဲ့လေသည်။

## အခန်း(၁၃)

### ဂဠုန်ဦးစော၏ သွားရာလမ်း

ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံနိုင်ခဲ့သော သတင်းကိုကြားသောအခါ ဂဠုန်ဦးစောသည် အောင်ပြီဟု ကြွေးကြော်ခဲ့သည်။ ထို့နောက်ဇူလိုင်လ ၁၉ရက် တစ်မနက်လုံး သူ၏အေဒီလမ်းနေအိမ်၌ ဘုရင်ခံထံမှ အစိုးရဖွဲ့ရန် ဖိတ်ကြားချက်ကို စောင့်မျှော်ခဲ့၏။ သို့ရာတွင် သူမျှော်သော ဘုရင်ခံ၏ အခေါ်တော်ကား ပေါ်မလာ။ ထိုနေ့မွန်းလွဲပိုင်းတွင် ဝင်းနှင့်ခြံကို ရဲတပ်ဖွဲ့ကဝိုင်းလေသည်။ မှူးကြီးသည် ဝင်း အတွင်းတန်လျားတစ်နေရာမှ ခုခံပစ်ခတ်သဖြင့် ရဲတို့က ပြန်လှန်ပစ်ခတ်ကြရာ မှူးကြီး၏လက်မောင်းတွင် ထိမှန်လေသည်။

ထို့နောက် ဦးစောအိမ်ကို ရှာခွင့်တောင်းလိုက်လေသည်။ ထိုအခါ ဦးစောက ခရိုင်ရဲဗိုလ်မှူးခန့် အဆင့်အတန်းရှိမည်ထင်ရသော အရာရှိအား . . .

"ရှာချင်တယ်ဆို ခင်ဗျားတို့ဆီမှာ ရှာဖွေဖို့ဝရမ်းပါသလား"ဟု ခပ်တည်တည်မေးလိုက်ရာ အရာရှိကြီးက တယ်လီဖုန်းသွားဆက်သည်။ ထို့နောက်. . .

www.burmeseclassic.com

www.burmeseclassic.com



"ရှာဖွေခွင့် အမိန့်ပေးပါတယ်"ဟု ခပ်အေးအေးပင် ပြန်ပြောသည်။ ဂဠုန်ဦးစောသည် လက်တစ်ဖက်က ဝီစကီ ဖန်ခွက်ကလေးကို ကိုင်လျက်ဖြည်းဖြည်းသောက်လိုက်၊ ခပ်ရွှင်ရွှင် စကားလှမ်းပြောလိုက်နှင့် လုပ်နေပါသည်။ ပုလိပ်များရှာသည့် နောက်သို့လိုက်မသွား၊ ထိုင်နေသည်။ သူ့အိပ်ခန်းထဲမှ ကျည်ဆန်အမြောက်အမြားကို ရဲများက ဆွဲထုတ်လာကြသည်ကိုလည်း သူလှည့်မကြည့်ပေ။

"ကဲ ရှာဖွေပြီးရင် ခင်ဗျားတို့ အစီအစဉ်က ဘာတဲ့ တုန်း"ဟုရဲအရာရှိအား ဦးစောက လှမ်းမေလိုက်သည်။ အရာရှိကြီး လည်း တယ်လီဖုန်းဆက်ပြန်သည်။

"လုံခြုံစိတ်ချရေးအတွက် ခေါ်ခဲ့ဖို့ အမိန့်ပေးပါတယ်။"ဟု ရိုသေစွာပျော့ပျော့ပျောင်းပျောင်း ပြန်ပြောသည်။ ထိုအခါဦးစောက. . ."ကျုပ်တစ်ယောက်တည်းလား"ဟုမေးမြန်းရာ တယ်လီဖုန်းဆက်ပြီး"အားလုံးကိုပဲ အန္တရာယ်မရှိရအောင် လုံခြုံစိတ်ချ ရရေးအတွက် ဖမ်းဖို့ အမိန့်ပေးပါတယ်"ဟု ပြောပြန်သည်။ "ကဲ ကဲ. . . မသက်ာလို့ ကျုပ်တို့ကိုခဏ ဖမ်းမလို့တဲ့. . အသင့်ပြင်ကြ၊ အသင့်ပြင်ကြ၊ အိပ်ရာလိပ်တို့



ဘာတို့ ယူခဲ့ကြ၊ ဟိုရောက်တော့ သူတို့ပေးဖို့ လွယ်ချင်မှလွယ် လိမ့်မယ်။ သုံးလေးရက်ကြာချင်လည်း ကြာလိမ့်မယ်"စသည် ဖြင့် ဦးစောသည် ခပ်အေးအေးပင် လှမ်းပြောပါသည်။ ထို့နောက် ယောကျ်ားကြီး ၃၀ကျော်အားလုံးကို အင်းစိန် ထောင်သို့ပို့ပါသည်။ အင်းစိန်ထောင်သို့ရောက် သောအခါ မှောင်နေ ပါပြီ။ ပထမညတွင် အားလုံး အတူတူ အိပ်ကြရပြီး နောက်နေ့ နေ့လယ်တွင် ဦးစောကို ခွဲထားလိုက် သည်။ ၃ရက်ခန့်ကြာသောအခါ ခင်မောင်ရင်ကို လာခေါ် သွား သည်။ ထို့နောက် ဘားလမ်းတွင် အချို့သွားစုမိကြပြန် သည်။

ဦးစောကို ဇူလိုင်လ ၂၁ရက်နေ့က ရန်ကုန်ဗဟို အကျဉ်းထောင်သို့ ပြောင်းရာ ထောင်တံခါးရှေ့တွင် စုမိကြ သော လူထုက 'ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံသူကို ချေမှုန်းကြ'ဟု အော်ဟစ်ကြသည်။ လူထုနည်းဖြင့် စီရင်မည် ဟု ဒေါသတကြီး တောင်းဆိုကြသည်။ ရဲတပ်ဖွဲ့က ဦးစောကို အထူးစောင့်ရှောက်၍ ခေါ်ဆောင်သွားရလေသည်။

အချုပ်ခန်းများတွင် လူစုခွဲ၍ထားသော တရားခံ များကို ရဲအရာရှိများက ညှဉ်းပန်းနှိပ်စက်ခြင်းမပြုခဲ့ ကြရာ

www.burmeseclassic.com

www.burmeseclassic.com



အမှုကို စုံစမ်းစစ်ဆေးခဲ့သော ရဲအရာရှိကြီးတစ်ဦးက ပြောကြားသည်။ ထို့ကြောင့်တရားခံများကို ကောင်းမွန်စွာထားသည်။ ကြင်နာစွာ ဆက်ဆံသည်။ သတင်းစာများကို ဖတ်ခွင့်ပြုသည်။

လုပ်ကြံမှုများကြောင့် နိုင်ငံမည်မျှနစ်နာဆုံးရှုံးရသည်။ ပြည်သူတို့ မည်မျှပုန်ကန်နေကြသည်ကို သူတို့ သတင်းစာများမှ ဖတ်ရှုရသည်။ သူတို့ကျူးလွန်ခဲ့သော ပြစ်မှုကြီး၏ ပမာဏကို သူတို့တစ်စတစ်စ ခန့်မှန်း၍ ရနိုင်လာကြသည်။

ထိုအခါ ဦးစော၏ တပည့်ရင်းဖြစ်သူ မောင်စိုးနှင့် သက်နှင်း၊ လက်မောင်းဒဏ်ရာကို ကုသပေးနေရသော မှူးကြီးတို့မှအပ အခြားတရားခံများက ဖြောင့်ချက်များပေးလာကြသည်။ ဦးစောအိမ်အနီး ရေကန်ထဲ၌ လက်နက်စည်ပိုံများ ချထားပေးသောနေရာ စသည်တို့ကို လိုက်လံပြသကြသည်။

ဇူလိုင်လ ၁၉ရက်နေ့တွင်ပင် တရားခံများကိုဖမ်း၊ လက်နက်သက်သေခံအထောက်အထားများကို ရှာဖွေသိမ်းဆည်း၊ တရားခံများက တစ်ယောက်စီ ဖြောင့်ဆို၊ စုံစမ်း



ထောက်လှမ်းရန် ရှိသည်တို့ကို ဖိဖိစီးစီးပြု လုပ်နိုင်ကြသဖြင့် လုပ်ကြံမှုကြီးကို ရုံးသို့တင်ရန် ဩဂုတ်လအတွင်း၌ပင် အသင့်ဖြစ်ခဲ့လေသည်။

နိုင်ငံတော်လုပ်ကြံမှုကို အမြန်ဆုံး၊ အမှန်ဆုံး စစ်ဆေးစီရင်ရန် လိုလေသည်။ ထိုသို့ဖြစ်မြောက်နိုင်ရန် ရဲတပ်ဖွဲ့၊ စုံထောက်ဌာန၊ ဥပဒေအရာရှိများ၊ သက်ဆိုင်ရာဌာနများက အစွမ်းကုန်ကြိုးပမ်းကြသည်။

တရားခံများကိုလည်း လုံခြုံအောင် ထိန်းသိမ်းကြရ၏။ အကျဉ်းထောင်တာဝန်ခံများသည် အထူးသတိ စိုက်ထားကြရသည်။ အထူးသဖြင့် ဦးစောကို ဂရုစိုက်၍ စောင့်ကြရသည်။

ဦးစောသည် နန်းရင်းဝန်ဟောင်းတစ်ယောက်၏ ဟန်ပန်ကို ထောင်တွင်နေနေ၊ အမှုကို ခုံရုံးတင်သောအခါ ရုံးသို့နေ့စဉ်တက်တက် ဟန်မပျက်အောင်ဆောင်လေ၏။ သူ့ကို ကောင်းစွာထားကြသည်။ သူသည် ဝန်ကောက်လုံချည်၊ ပိုးလုံချည် အလဲလဲ ဝတ်ဆင်သည်။

နိုင်ငံရေးသက်တမ်းတွင် သူသည် ထောင်ကျခဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖူးသည်။ ထို့ကြောင့် သူနှင့်ထောင်သည် သူစိမ်းများ မဟုတ်ပေ။ ထောင်အရာရှိများကို ဦးစောသည် ခင်မင်ဖော်ရွေစွာ ဆက်ဆံသည်။ တစ်နေ့တွင် အာဏာရနိုင်သေးသည့် ဝန်ကြီးချုပ်လောင်းတစ်ဦးလိုလည်း ဆက်ဆံသည်။

အစိုးရကတစ်ဖက်တွင် ဦးစောကို စောင့်ရှောက်ထိန်းသိမ်းပေးရသည်။ တစ်ဖက်တွင် ထွက်မပြေးအောင် ဂရုစိုက်ကာကွယ်ရသည်။ ထိုစဉ်က ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်း၊ ပါလီမန်အတွင်းဝန် ဦးထွန်းဝင်း (ထိုင်းနိုင်ငံ မြန်မာသံအမတ်ဟောင်း)၊ သခင်ပန်းမြိုင် (ဝန်ကြီးဟောင်း)စသော အစိုးရနှင့် ဖဆပလ ဆိုရှယ်လစ်ပါတီမှ ပုဂ္ဂိုလ်များသည် ထောင်ကို အုပ်ချုပ်ကြီးကြပ်ခြင်းအထိ နေ့စဉ် ဂရုစိုက်ကြရလေသည်။ တရားဌာန အတွင်းဝန် ဦးသောင်းစိန် (အငြိမ်းစားတရားလွှတ်တော် တရားဝန်ကြီး)ကလည်း အကျဉ်းဌာနမင်းကြီး ဦးဘမောင်နှင့်အတူ အကျဉ်းထောင်လုံခြုံရေးကို ကြပ်မတ်ရသည်။

ဦးစောက ထောင်မှလွတ်မြောက်ရန် ဆက်သွယ်ကြံစည်ခဲ့သေးသည်။ တစ်သိန်းပေးမည်။ သူ့ကိုလွတ်မြောက်



အောင် လုပ်ပေးပါဟုဆွယ်သည်။ အရာရှိက အထက်လူကြီးများထံ အစီရင်ခံရာ စိတ်ဝင်စားလေဟန်ပြု၍ ဦးစော၏အဆက်အသွယ်များကို ဖော်ထုတ်ရန် စီစဉ်ကြ သည်။

ငွေရရှိရေးအတွက် ဦးစောက ကပ္ပတိန်ဗီဗြင် ဆိုသူထံ စကားဝှက်ဖြင့် ရေးထားသော စာတိုတစ်စောင် ပို့စေသည်။ စာများကိုဖတ်၍ ကူးယူပြီးသော် ဦးစောမှာသည့်အတိုင်း ပို့ပေးကြသည်။ ဗီဗြင်သည် ဘရင်း သေနတ် ၂၀၀ ထုတ်ပေးခဲ့မှုနှင့် အချုပ်ခံနေရလေသည်။ ဦးစောနှင့် မဝေးလှသော အဆောင်တွင် ဘဝတူဖြစ်နေသည်။

ဗီဗြင်က စာရ၍ ဦးစော၏စကားဝှက်ကို ဖတ်ပြသည်။ သန်းခေါင်ယံ၊ လှေကားပေါ်၊ ငှက်ပျောသီးစိမ်း စိမ်း၊ ဒေးဗစ်၏ရည်းစား၊ လယ်မွန်နိုတ်’ဟု တစ်စောင်ကဆိုရာ အချင်းချင်းနားလည်မှုရှိပြီးသော ကပ္ပတိန်ဗီဗြင်က နားလည်သည်ဟု စာပြန်လေသည်။ ဗီဗြင်က ဦးစောသို့ ပေးပို့သော နောက်စာတစ်စောင်တွင် ‘အရပ်ရှည်တဲ့ လူထံက အကူအညီတောင်းပါလား’ဟု အကြံပေး၏။

တစ်ခါက အင်္ဂလိပ်လူမျိုး အရပ်ရှည်လူတစ်ယောက်

www.burmeseclassic.com



သည် နိုင်ငံခြားခြေရှုပ်နေ၍ ပြန်ပို့ခဲ့ဖူးသည်။ ကာနယ်တလော ဆိုသူနှင့် သတင်းထောက် မစ္စတာကင်းပဲ တို့သည်လည်း ထိုအချိန်ဆစ်ဝိုက်က တိုင်းရင်းသား လူမျိုးတစ်စုကို လှုံ့ဆော် ပေးနေသဖြင့် ဗြိတိသျှမဟာမင်းကြီးကပင် မြန်မာအစိုးရသို့ ထုတ်ဖော်တိုင်ကြားခဲ့ရသည်။ တလောနှင့် ကင်းပဲတို့ကိုလည်း တိုင်းပြည်မှ နှင်လိုက်ရလေသည်။

'အရပ်ရှည်တဲ့လူ'ထံမှ အကူအညီမရသောအခါ ဦးစောသည် ကိုယ့်ကိုယ်ကို အဆုံးစီရင်ရန် ကြံစည်ခဲ့သည်။ ရန်ကုန်မြို့ပြင်တစ်နေရာမှာ အဆက်အသွယ် တစ်ဦးထံ စာပို့ စေရာတွင် . . . 'ကုတ်ကိုင်းကန်မှာ ငါးမရှိ' ဟု စကားဝှက်ဖြင့် ရေးသားရာစာဖတ်ရသူက "ခြောက်လုံးပူးသေနတ်တစ်လက် ရှာပေးစမ်းပါ၊ ကျွန်တော်တို့ဆီမှာတော့ မရှိဘူး" ဟု စာယူလာ သူကို ပြောလေသည်။ ခြောက်လုံးပူးကိုလည်း မရသဖြင့် ဦးစောအကြံပျက်ရ ပြန်သည်။ဤသို့အကြံအစည် တစ်ခုပြီး တစ်ခုပျက်ခဲ့ရသော ဦးစောသည် မျက်နှာထားမပျက် ဟန်ပန် မညှိုး။ ခုံရုံးသို့အမှုတင်သောအခါ ဦးစောသည် နန်းရင်းဝန် တစ်ဦးပွဲတက်သည့်အသွင်ကိုဆောင်၍သွားရောက်လေသည်။

## အခန်း(၁၄)

## တည်ဆဲဥပဒေအရ တရားစီရင်ခြင်း

၁၉၄၇ခုနှစ် ဩဂုတ်လ ၃၀ရက်နေ့တွင် ဘုရင်ခံက လုပ်ကြံမှုကို စစ်ဆေးစီရင်ရန် အထူးခုံရုံးဖွဲ့စည်းသည့် ဥပဒေကို ထုတ်ပြန်လေသည်။ ခုံရုံးတွင် နာယကနှင့် အဖွဲ့ဝင် နှစ်ဦး ပါဝင်ရမည်။

အထူးခုံရုံးဖြင့် စစ်ဆေးရန်စီစဉ်သည့်မှအပ အမှု အတွက် အထူးဥပဒေများ ထုတ်ပြန်ခြင်းမပြု။ ကျူးလွန် စဉ်က တည်ရှိနေသော ဥပဒေများဖြင့် ပေါ်ပေါက်သော ပြစ်မှုများကို စီရင်ဆုံးဖြတ်ရန် ဖြစ်ပေသည်။ တစ်နည်း ဆိုသော် တည်ဆဲ ဥပဒေများအရသာလျှင် ပြစ်မှုထင်ရှားလျှင် ပြစ်ဒဏ်သတ် မှတ်ရန်ဖြစ်၏။ နောက်ကြောင်းပြန် ဥပဒေထုတ်ပြန်ခြင်းမပြု။

ထိုစဉ်က တရားလွှတ်တော်တရားဝန်ကြီးချုပ် ဖြစ်ခဲ့ သော ဆာဘဦးက အထူးခုံရုံးအတွက် နာယကနှင့် အဖွဲ့ဝင် များ ရွေးချယ်ပေးခဲ့ရသည်။

လန်ဒန်တွင် ဦးကျော်မြင့်သည် ဘီအေ၊ အမ်အေဘွဲ့ မယူ။ အောက်စဖို့တက္ကသိုလ်၊ ကင်းဗရစ်တက္ကသိုလ်သို့မ

www.burmeseclassic.com

www.burmeseclassic.com



သွားရ၏။ လည်ရင်းပတ်ရင်းနဲ့ ဝတ်လုံအဖြစ်ကိုသာ ယူခဲ့လေသည်။ မြန်မာပြည်သို့ ပြန်ရောက်သောအခါ သူသည်ရှေ့နေလိုက်သည်။ နိုင်ငံရေးနယ်တွင် လှုပ်ရှားသည်။ ဒေါက်တာဘမော်၊ ရမ်းဗြဲ ဦးမောင်မောင်တို့နှင့် 'မော်၊ မြင့်၊ ဗြဲ' အဖွဲ့ထူထောင်လိုက်သေးသည်။ ဗမာပြည်ကို အိန္ဒိယမှ ခွဲထုတ်ယူခြင်းမပြုမီ ဒေလီတွင် စည်းဝေးသော ဗဟိုဥပဒေပြုလွှတ်တော်တွင် ဗမာပြည်မှ ရွေးချယ်စေလွှတ်သော အမတ်အဖြစ်ဖြင့် ရောက်ခဲ့သည်။ ဒေလီတွင်လည်း တစ်ချီချီသူထ၍ ဒေါမာန်ပါပါ ဟောပြောခဲ့လေသည်။ အဆိုတွေ တင်သွင်းခဲ့လေသည်။

ကျောင်းသားသပိတ်များတွင် ဦးကျော်မြင့်သည် မကြီးလွန်းသော လူကြီးတစ်ယောက်အနေဖြင့် အားပေးကူညီခဲ့သည်။ ရွှေတိဂုံဘုရားသပိတ်စခန်းသို့ မကြာခဏသွားရောက်ကာ ကျောင်းသားကျောင်းသူများကို အားပေးစကား ပြောကြားတတ်သည်။

၁၉၄၆ခုနှစ် ဦးကျော်မြင့် အသက်၄၉နှစ်အရွယ်၌ တရားဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ တရားဝန်ကြီးဖြစ်လျှင် တည်တည်ငြိမ်ငြိမ်နှင့် ဆရာတော်ကြီးလို နေရတော့မည်။ ဦးကျော်မြင့်၏ လှုပ်ရှားမှု ကုန်လေ ပြီဟု ထင်မှတ်ရလေသည်။ သို့ရာတွင် မဟုတ်သေး။ ဗမာပြည် လွတ်လပ်ရေးရပြီးသောအခါ ဦးကျော်မြင့်သည် တရားလွှတ်တော်ချုပ် တရားဝန်ကြီးဖြစ်လာသည်။ နှစ်အတန်ကြာသော် နုတ်ထွက်၍ရှေ့နေလိုက်ပြန်ပြီး တက္ကသိုလ်တွင် ဥပဒေပါမောက္ခအဖြစ်လည်း တစ်ဖက်မှထမ်းရွက်ခဲ့သည်။ ထို့နောက်လည်း နိုင်ငံတော်တရား ရုံးချုပ်တွင် ရှေ့နေလိုက်ပါဆောင်ရွက်ဆဲ၊ ဟောပြောရေးသားဆဲ၊ တစ်ချီတစ်ချီဒေါမာန်ပါပါ လက်သီးလက်မောင်းတန်းဆဲ ဖြစ်သည်။ ဦးကျော်မြင့်ကို အထူးခုံရုံးနာယက ရွေးချယ်ရာတွင်ဆာဘဦးနှင့် ဆာဟူးဘတ်ရန်တို့သည် လူရွေး တော်ခဲ့ကြသည်။



အထူးခုံရုံးအဖွဲ့ဝင်များအဖြစ် ရွေးချယ်ခြင်းခံရသော ဦးအောင်သာကျော်နှင့် ဦးစိဘူးတို့သည် ရခိုင်သား များဖြစ်ကြလေသည်။ ဝါရင့်သော စက်ရှင်တရားသူကြီးများဖြစ်ကြ၍ တရားဝန်ကြီး ဖြစ်ခါနီးနေကြလေပြီ။ ဦးအောင်သာကျော်သည် တရားလွှတ်တော် တရားဝန်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီးနောက် တရားလွှတ်တော်ချုပ် တရားဝန်ကြီးအဖြစ် တိုးမြှင့်ခန့်အပ်ခြင်း ခံရသေးသည်။

ဘုရင်ခံသည် အထူးခုံရုံးကို ၁၉၄၇ခုနှစ် စက်တင်ဘာလ ၂၀ရက်နေ့တွင် အမိန့်ထုတ်ပြန်၍ ဖွဲ့စည်းခဲ့သည်။ ခုံရုံးသည် ၂၄ရက်နေ့တွင် စတင်၍ထိုင်၏ ထိုနေ့တွင် ပင်ရှေ့နေချုပ် ဦးထွန်းဖြူ၏ စွဲဆိုလွှာကိုလက်ခံ၍ မှုခင်းကို စစ်ဆေးစီရင်ရန် ဖွင့်၏

အောင်တိုဘာလ ၈ရက်နေ့တွင်စတင်၍ အမှုစစ်မည်။ လုံခြုံရေးအတွက် အင်းစိန်အကျဉ်းထောင်ကြီးအတွင်း၌ ရုံးထုတ်မည်။ သို့ရာတွင် တံခါးပိတ်ထိုင်ခြင်းကား မဟုတ်ပေ။ အမှုစစ်ဆေးရာကို သတင်းထောက်များ၊ ဝင်ခွင့်လက်မှတ်ရသော လေ့လာသူများလာရောက်နား ထောင်နိုင်ကြမည်ဟု နာယကဦးကျော်မြင့်က ပြောကြား သည်။

တရားခံရှေ့နေငှားရမ်းခြင်း မပြုနိုင်ကြလျှင် အစိုးရစရိတ်ဖြင့် ငှားရမ်းပေးပါဟုလည်း နာယကက ရှေ့နေချုပ်အား ညွှန်ကြားသည်။

တရားလိုဘက်မှ ရှေ့နေချုပ်ဦးထွန်းဖြူ ခေါင်းဆောင်



သည်။ ဦးထွန်းဖြူသည် စေ့စပ်သူဖြစ်၏ ရှေ့နေ ချုပ်ရုံးတွင် ဥပဒေရေးဆွဲရေးတာဝန်ကိုလည်း ထမ်းရွက်ခဲ့ဖူးသည်။ အထူးသေချာ၍ စိတ်ရှည်ရသော အလုပ်ဖြစ်၏။ ထိုမှတစ်စတစ်စ ရှေ့နေချုပ်အဖြစ်သို့ တိုးတက်တာဝန်ယူခဲ့ရသူ ဖြစ်သည်။

ဦးထွန်းဖြူကို ကူညီလိုက်ပါကြသူများမှ အစိုးရရှေ့နေ ဦးချွန်ဖောင်နှင့် အထူးအရာရှိ ဦးမြသိန်း တို့ဖြစ်ကြသည်။ ဘေးမှအကြံပေးဉာဏ်ပေးကူညီသူမှာ ပြည်နယ်များ ဥပဒေအရာရှိ ဦးမြင့်သိန်း ဖြစ်သည်။

တရားရေးဌာန၊ ပြည်ထဲရေးဌာန၊ ရဲအဖွဲ့၊ စုံထောက်အဖွဲ့တို့သည် အမှုကို ပြည့်စုံအောင် စုံစမ်းခြင်း၊ ပြင်ဆင်ခြင်း ပြုလုပ်ကြရသည်။ နေ့ညမအား ကြိုးစားကြသည်။

အမှုစစ်ဆေးရာတွင် လုံခြုံရေးတာဝန်များကလည်း မသေးလှပေ။ အကျဉ်းထောင်အတွင်း လုံခြုံရေး၊ တရားခံများ၏ လုံခြုံရေး၊ အထူးခုံရုံးနာယကနှင့် အဖွဲ့ဝင်များ၏ လုံခြုံရေး၊ ရှေ့နေချုပ်နှင့် အစိုးရရှေ့နေများ၏ လုံခြုံရေး၊ တရားခံဘက်ရှေ့နေများကလည်း အစောင့်ရှောက်တောင်း

www.burmeseclassic.com

www.burmeseclassic.com



၍ စီစဉ်ပေးရသည်။

တရားခံများအတွက် ရှေ့နေငှားရန် မလွယ်ကူပေ။ ဦးစောက ငွေကြေးတတ်နိုင်သည်။ ထို့ကြောင့် လန်ဒန်မှ ဝတ်လုံများကို ငှားရမ်းဖို့စီစဉ်သည်။ ရန်ကုန်မှရှေ့နေကြီးများကလည်း သူ့အတွက်လိုက်ပါခြင်း မပြုလိုကြပေ။ ပြည်သူတို့၏ အမျက်ဒေါသကို ကြောက်ကြသည်။ ဦးစောကလည်း လန်ဒန်မှ နာမည်ကြီးဝတ်လုံကိုသာလိုချင်သည်။ ရာဇဝတ်မှုခင်းများတွင် နာမည်ကြီးသောဝတ်လုံဘုရင် ကောင်စီအဖွဲ့ဝင်ကားတစ် ဘက်နက် (ကေ၊စီ)နှင့် ဦးစောအတွက်လန်ဒန်နေ ဝင်း၏ညီတော်သူဦးမောင်ကြီးက စကားကမ်းလှမ်းနေခိုက် ရန်ကုန်တွင်ဆောင်ရွက်ရန် ရှေ့နေဘီအာရ်ဗာတားနစ်ကို ငှားရမ်းကြသည်။

အခြားတရားခံများအတွက် အစိုးရစရိတ်ဖြင့် ရှေ့နေငှားပေးရသည်။ သာယာဝတီမြို့မှ ရှေ့နေကြီး ဦးစံဝင်းနှင့် ဦးသိန်းကျော်တို့က မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်နှင့် မှုကြီးတို့အတွက် လိုက်ပါဆောင်ရွက်ကြသည်။ အစိုးရက ရှေ့နေခကို ထုံးစံဖြစ်သည့် တစ်နေ့လျှင်



၂၅ကျပ်မှ ၅၀ကျပ်သို့ တိုးမြှင့်ပေးသည်။

ကျန်တရားခံများက ရှေ့နေမလိုချင်ဟု ပြောကြသည်။ ဦးစောကသူ့အတွက် နာမည်ကျော်ဝတ် လုံများကို လန်ဒန်မှ အထူးခေါ်ယူငှားရမ်းတာကြောင့် တပည့်များက သူတို့ကိုတော့ ပစ်ပယ်သည်ဟုဆိုကာ စိတ်နာကြသည်။

လုပ်ကြံမှုကြီးကို အထူးခုံရုံး၏ ၁၉၄၇ခုနှစ် အမှုကြီး အမှတ် ၁ဟု အမှတ်စဉ်တပ်လေသည်။

အမှု၏အမည်မှာ. . .

'ဘုရင်နှင့် ဦးစော၊ မောင်စိုး၊ သက်နှင်း၊ မောင်စိန် (ခေါ်) လှအောင်၊ ရန်ကြီးအောင် (ခေါ်) လှထွန်း၊ သုခ၊ ခင်မောင်ရင်၊ မောင်နီ (ခေါ်) ဘိုနီ (ခေါ်) ဂနီနှင့် မှုကြီး (ခေါ်) မောင်မှု' ဖြစ်လေသည်။ အတိုခေါ်ရလျှင် 'ဘုရင်နှင့် ဦးစောပါ ၉ဦး' ဟုညွှန်းသာ အစိုးရသက်သေ သို့မဟုတ် 'ဖော်ကောင်'မ လုပ်လျှင် တရားခံ ၁၀ဦး ဖြစ်မည်။ ထိုအချိန်က မြန်မာပြည် လွတ်လပ်ရေးမရသေး။ အင်္ဂလိပ်လက်အောက်၌ရှိနေသေး၍ နိုင်ငံကတရားလိုပြုလုပ်၍ တရားစွဲဆိုသည်ကို ဆင့်မမြောက်ဂျော့ဘုရင်က တရားစွဲဆိုသလို လုပ်ထုံးအရ

www.burmeseclassic.com

www.burmeseclassic.com



အမှုကိုကင် ပွန်းတပ်ခြင်း ဖြစ်သည်။

ရှေ့နေချုပ်ဦးထွန်းဖြူက တရားဝင်တိုင်ကြား၍ အမှုဖွင့်ခြင်းကို ခုံရုံးနာယကဖြစ်သော ဦးကျော်မြင့်ရုံးထိုင်ရာ မြို့လယ်မှ ဟိုက်ကုတ်အဆောက်အအုံတွင် ပြုလုပ်လေသည်။ သို့ရာတွင် တရားခံများကို ရုံးသို့ထုတ်၍အမှုကို စတင်စစ်ဆေးသောအခါများ၌ လုံခြုံရေးအတွက် အင်းစိန်အကျဉ်းထောင်ရှိ အဆောက်အအုံတစ်ခုတွင် ခုံရုံးထိုင်လေ သည်။

အဆောက်အအုံတစ်ခုမှာ မကြီးလှသော်လည်း ရုံးခန်း၊ တရားသူကြီးများ စဉ်းစာခန်း၊ သတင်းစာဆရာများအတွက် အခန်း၊ ရှေ့နေများအတွက် နေရာထိုင်ခင်း၊ ဧည့်ခန်းစသည်တို့အတွက် အသင့်အတင့် လုံ လောက်သည်။ လေ့လာသူအချို့ကို လက်မှတ်ဖြင့် ဝင်ခွင့်ပြုနိုင်သည်။ တရားခံများ၏ ဇနီး၊ ဆွေမျိုးများကို ဝင်ခွင့်ပြုသည်။ ထောင်အတွင်းသို့ သတင်းစာဆရာများ ဧည့်သည်များကို အဝင်အထွက်တွင် စစ်ဆေးရှာဖွေရသည်။ သို့ရာတွင် တင်းတင်းကျပ်ကျပ်ကား မဟုတ်ပေ။

ခုံရုံးစတင်ထိုင်သောနေ့များတွင် အထူးလူစည်ကား



လေသည်။ သတင်းစာဆရာများတွင် နိုင်ငံခြားသတင်းစာများက အထူးစေလွှတ်သော သတင်းထောက်အချို့ပါသည်။ ခုံရုံးနာယက၏ ခွင့်ပြုချက်ဖြင့် အတော်အသင့် ဓာတ်ပုံရိုက်ခွင့်ရကြသည်။ ရာဇဝတ်မှုခင်းစစ်ဆေးခြင်းတွင် လူအများ စိတ်ဝင်စားတတ် ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

## ကိုယ်တွေ့ကြုံသော သက်သေများ

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ နံနက်ခင်း လုပ်ကြံခြင်းကို ဝန်ကြီးများအစည်းအဝေးဆောင်အတွင်းတွင် ရှိနေခဲ့ပြီးလျှင် အသက်မသေကျန်နေကြသော ကံထူးသည့်ပုဂ္ဂိုလ်များက မြင်ကြားသမျှကို အထူးခုံရုံးရှေ့တွင် သက်သေခံကြသည်။ လူသတ်သမားတို့ ဝင်လာခြင်း၊ ထွက်သွားခြင်းတို့ကို မြင်ရသူတို့လည်း ရှိခဲ့သည်။ ဦးစောအိမ်မှ ထွက်ခွာခြင်း၊ ပြန်လာခြင်းတို့ကို မြင်လိုက်ရသူတို့လည်း ရှိသည်။

အစည်းအဝေးဆောင်မှ လွတ်မြောက်ခဲ့သော ဦးဘဂျမ်းသည် ၁၉ ဇူလိုင်၏ နံနက်ခင်းအကြောင်းကို ၁၉၆၇ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့ထုတ် 'လမ်းစဉ်သတင်း'တွင် ဗိုလ်ချုပ်လုပ်ကြံခံရခြင်းကို အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်။

ထိုနေ့က ဝန်ကြီးများအစည်းအဝေးသည် အတွင်းဝန်ကြီးများရုံးအဆောက်အအုံ ဗိုလ်ချုပ်အောင်ဆန်း၏ ရုံးခန်းတွင် ဂယ်ပုံအစည်းအဝေးစားပွဲကြီး၌ နံနက် (၁၀) နာရီခန့်

www.burmeseclassic.com

www.burmeseclassic.com



အချိန်တွင် စတင်ကျင်းပရာ ထိပ်စားပွဲ အလယ်၌ ဗိုလ်ချုပ်အောင်ဆန်း ထိုင်သည်။ ဗိုလ်ချုပ်၏ လက်ဝဲဘက်၌ ဝန်ကြီးများအဖွဲ့ အတွင်းဝန် ဦးရွှေဘော်သည်လည်းကောင်း၊ လယ်ယာဘက်စားပွဲ၌ သခင်မြ၊ ဦးရာဇတ်၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်းနှင့် မန်းဘခိုင်တို့ အစဉ်အတိုင်းသည်လည်းကောင်း၊ လက်ဝဲဘက်စားပွဲ၌ ဦးဘဂျမ်း၊ ဦးအောင်ဇေဝ၊ ပျော်ဘွယ်ဦးမြ၊ မိုင်းပွန်စော်ဘွားကြီးတို့ အစဉ်အတိုင်းသည်လည်း ကောင်း ထိုင်ကြပြီးလျှင်၊ လက်ယာဘက် သခင်မြတို့ စားပွဲထိပ်ရှိ ကုလားထိုင်၌ အစည်းအဝေးတွင် စဉ်းစားသောကိစ္စနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာန၏ အတွင်းဝန်ကထိုင်ရ သည်။ နံနက် ၁၀နာရီခန့်တွင် လူသတ်သမားများ ရောက်ရှိလာချိန်တွင် ဝန်ကြီးများအစည်းအဝေးတွင် ရှိနေသော အလှည့်ကျ အစိုးရအတွင်းဝန်မှာ ဦးအုန်းမောင် ဖြစ်သည်။ ဦးအုန်းမောင် ရောက်လာပြီး သုံးလေးမိနစ်ခန့် အကြာတွင် လူသတ်သမား များ ရောက်လာခြင်းဖြစ်သည်။ အစည်းအဝေး အစီအစဉ်အရ ထိုအချိန်သည် ဦးအုန်းမောင် ၏ အလှည့်မ ကျရောက်သေး သံအမတ်ဖောင်း (ထိုအချိန်တွင် အတွင်း ဝန်) ဦးကြင်၏အ



လှည့်ဖြစ်သည်။ ဦးအုန်းမောင် က မိမိတွင် အခြားအရေး ကြီးသော ကိစ္စတစ်ခုရှိနေသေးကြောင်း ဦးကြင်အား ပြောပြခွင့်ပန်ပြီးလျှင် အစည်းအဝေးသို့ ဦးစွာလာ၍ သူရေး ထားသည့် သယ်ယူပို့ဆောင်ရေးစီမံကိန်းအကြောင်း ရှင်းလင်း တင်ပြခြင်းဖြစ်သည်။ အကယ်၍သာ အစည်းအဝေးအစီအ စဉ်အတိုင်း စဉ်းစားဖြစ်လျှင် (သို့တည်းမဟုတ်)လူသတ်သမား များ ငါးမိနစ်ခန့်စော၍ ရောက်လျှင် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့် ရင်နင့်ဖွယ်ကိစ္စတွင် ဦးအုန်းမောင်၏ အသက်တစ်ချောင်းအဆစ်ပါသွားခဲ့မည် မဟုတ်ပေ။

ထိုနေ့က ကျွန်တော်ထိုင်သောနေရာသည် လူသတ် သမားများဝင်လာသော တံခါးကို မျက်နှာမူလျက် ဖြစ်သည်။ တံခါးစောင့်ရုံးစေကို ဖယ်ရှား၍ တံခါးကို တွန်းပြီးဝင်လာကြ သော စစ်ဝတ်စုံဝတ် လူသုံးလေးယောက်ကို မြင်ရသောအခါ ကျွန်တော်၏ စိတ်၌အရေးတကြီးကိစ္စထစ်ခုအတွက် ဗိုလ်ချုပ် ထံသို့ သတင်းပို့ရန်လာခြင်းဖြစ်မည်၊ ဒီလူတွေဟာ နားမလည် ချက် ဆိုးရွားလှသေးသည်။ ဝန်ကြီးများအစည်း အဝေးခန်းထဲ လာတာတောင် သေနတ်တွေ အပြင်မှာမထားခဲ့ဘူး ဗိုလ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



အား သူ့လူတွေ ဤကဲ့သို့ နောက်မလုပ်ရန် ဆုံးမထားပါဟု ပြောဦးမည်စိတ်ကူးနေစဉ် ရှေ့ဆုံးမှဝင်လာသူသည် အစည်းအဝေးစားပွဲကြီး၏ ဝဲယံပုံအဝမှဝင်၍ အလယ်၌ ခြေစုံရပ်ပြီးလျှင် ဗိုလ်ချုပ်အား စ၍ပစ်လေတော့သည်။ ဗိုလ်ချုပ်သည် ထိုင်ရာမှထ၍ လက်ကာပြပြီးလျှင် တစ်ခုခုအော်၍ ပြောသည်။ ကောင်းကောင်း နားမလည် လိုက်ပါ။ လူသတ်သမားများ ပစ်ခတ်နေစဉ် ဗိုလ်ချုပ်သည်သူ၏ လက်ယာဘက် နောက်ဆွယ်တွင်ရှိသော ရုံးစားပွဲသို့သွားရာ မရောက်မီ စားပွဲ ၂ ခုအကြား၌ ကျဆုံးခဲ့လေသည်။

ဗိုလ်ချုပ်အား စတင်ပစ်ခတ်နေချိန်၌ ဦးရွှေဘော်နှင့် ပျော်ဘွယ်ဦးမြတို့သည် ပြတင်းပေါက်မှကျော်၍ အစည်းအဝေး ခန်းမနှင့်ကပ်လျက်ရှိသော ဦးရွှေဘော်၏ရုံးခန်းသို့ ထွက်ပြေးလွတ်မြောက်ကြလေသည်။ ကျွန်တော်သည် ပစ်သည်ကို မြင်လျှင်မြင်ချင်း ကြမ်းပြင်ပေါ်သို့မှောက်၍ အိပ်ချလိုက်ပြီးလျှင် လက်ဝဲဘက်တွင် ကပ်လျက်ထိုင်နေသူ ဦးအောင်ဇံဝေ၏ လက်ကိုဆွဲ၍ချလိုက်သဖြင့် ကျွန်တော် တို့နှစ်ယောက်တစ်ပြိုင်တည်းလောက် ကြမ်းပြင်ပေါ်၌ မှောက်



လျက်သားဖြစ်သွားကြပါသည်။

လူသတ်သမားများသည် ဗိုလ်ချုပ်နှင့် သခင်မြတို့ စားပွဲရှိ လူများအား ပစ်ပြီး၍အားရမှ ကျွန်တော်တို့ထိုင်ရာ ဘက်သို့ပစ်သဖြင့် ဗိုလ်ချုပ်အားမဲ၍ပစ်နေစဉ် ဦးရွှေဘော်နှင့် ပျော်ဘွယ်ဦးမြတို့ ပြေးချိန်ရခဲ့သည်။ ဦးအောင်ဇံဝေနှင့် ကျွန်တော်တို့မှာ ကြမ်းပြင်ပေါ်၌ လဲလျက်ရှိနေသဖြင့် ကျပြီး ထင်၍ များများအပစ်မခံရ။ ထိုင်လျက်ရှိသူများကိုသာ အာရုံ ပြု၍ပစ်ခတ်ကြသည်။ ထိုင်သူများအား အတော်အားရ လောက်အောင် ပစ်ခတ်ပြီးသည့်နောက် စားပွဲဝိုင်းအလယ်၌ ဝင်၍ ပစ်သူသည် ဒူးထောက်၍ ကျွန်တော်တို့ဘက်သို့ ဝှေ့ယမ်းပစ်ခတ်သေးသည်။ ထိုသို့ပစ်ချိန်တွင် ကျွန်တော်၏ လက်ယာဘက်လက်သူကြွယ်ထိပ်ကို ထိမှန်ခဲ့လေသည်။ အုတ်နံရံမှ ပြန်၍ဝင်လာသော ကျည်ဆန်ဖြစ်သည်ဟု ယူဆ ပါသည်။

အပစ်အခတ်များရပ်စဲ၍ လူသတ်သမားများ ပြန် ဆုတ်စဉ် အခန်းတွင်းမှ မထွက်သေးမီ ဦးအောင်ဇံဝေသည် အိပ်နေရာမှ ထထိုင်ပြီး “သေကုန်ကြပြီ၊ သေကုန်ကြပြီ” ဟု

www.burmeseclassic.com

www.burmeseclassic.com



ထိမှန်ကြသူများအား လက်ညှိုးညွှန်၍ ဝမ်းနည်းပက်လက် ညည်းညူနေသဖြင့် ထပ်ပစ်နေဦးမည်ဟုပြောပြီး ဆွဲလိုက်မှ ပြန်လှဲချလိုက်ပါသည်။

ဦးစောသည် အကြံပတ်စက်စွာ ဗိုလ်ချုပ်အောင်ဆန်းနှင့်အစိုးရအဖွဲ့ဝင်များကို လုပ်ကြံခဲ့ရာတွင် မိမိအား သေနတ်နှင့် ပစ်ခတ်ခဲ့ခြင်းအတွက် ရန်ငြိုးထားခြင်းကြောင့်တစ်ကြောင်း ဖြစ်နိုင်သည်။ ထိုသို့ရန်ငြိုးထားခြင်းသည် မှားယွင်းသည်ဟု ဦးဘဂျမ်းက ဆောင်းပါးတွင် ဤသို့ရှင်းလင်းဖော်ပြခဲ့၏။

နိုင်ငံရေးခေါင်းဆောင်များအား လုပ်ကြံရန် ဦးစော စီစဉ်လျက်ရှိကြောင်း ရက်ပေါင်းများစွာ ကြိုတင်၍ သတင်း ရရှိခဲ့သည်။ စုံထောက်အစီရင်ခံစာများလည်း ထပ်ကာ ထပ်ကာ ပါရှိခဲ့လေသည်။ အဖွဲ့၏ ဗဟိုအမှုဆောင် အစည်းအဝေးများတွင် ထိုသတင်းအကြောင်း ဆွေးနွေးကြသော အခါများ၌ ဗိုလ်ချုပ်သည် လုံးဝမယုံကြည်ခဲ့ပေ။

“ကျွန်တော်တို့အားလုံး နိုင်ငံအပေါ်မှာ စေတနာ အပြည့်အဝနဲ့ ကိုယ်ကျိုးမဖက်ဘဲ ဆောင်ရွက်နေကြတာပဲ၊ ဒီသတင်းမမှန်နိုင်ပါဘူး။ ဦးစော ဒါလောက် မမိုက်ရိုင်းနိုင်ပါ



ဘူး။ ကျွန်တော်တို့ကို သတ်လို့ သူမှာ ဘာအကျိုးရှိမှာလဲ၊ တိုင်းပြည်သာ နစ်နာမှာပေါ့၊ သူသတ်လို့ ကျွန်တော်တို့ ဒီနေ့ သေရင် နက်ဖြန် တစ်တိုင်းပြည်လုံး အုံကြွပြီး သူ့ကို စိစိညက် ညက်ချေမယ်ဆိုတာ သူသိမှာပဲ”ဟူသောအဓိပ္ပာယ်သက် ရောက်သည့်စကားများကိုသာ ပြောလေ့ရှိခဲ့သည်။

အကယ်၍ ဦးစောအား သေနတ်နှင့်ပစ်သည့်ကိစ္စ၌ ဗိုလ်ချုပ်၏ပယောဂသာ ပါခဲ့ပါလျှင် ဤမျှ ပြတ်ပြတ်သား သား စိတ်ချယုံကြည်မှု ရှိခဲ့မည်မဟုတ်ပါ။ ခိုးတတ်လျှင် ယိုး တတ်သည် ဟူသော စကားအတိုင်း မိမိကိုယ်တိုင်က မရှင်း လျှင် ဤမျှလိပ်ပြာသန့်ခဲ့မည် မဟုတ်ပါ။ ကျွန်တော်တို့သည် ထိုအစည်းအဝေးများ၌ မိမိတို့ထင်မြင်ယူဆချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးလေ့ရှိကြသော်လည်း ဗိုလ်ချုပ်တို့ အား လုပ်ကြံဖို့ ကြိုးစားနေသည်ဆိုသော သတင်းကို ဗိုလ် ချုပ်ကိုယ်တိုင်က မယုံကြည်ဖြစ်နေသောအခါ ဗိုလ်ချုပ်၏ အယူအဆကို အားလုံးကပင် လက်ခံခဲ့ကြရပါသည်။

ရခိုင်အမျိုးသားခေါင်းဆောင် ဦးအောင်ဇံဝေသည် လည်း ဗိုလ်ချုပ်အောင်ဆန်း၏ အစိုးရအဖွဲ့တွင် ပါဝင်ခဲ့၍

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြံရာမှ သီသီလွတ်မြောက်ခဲ့လေသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ ရာထူးဝန်အဖြစ် နှစ်ပေါင်းများစွာ ဆက်လက်၍ အမှုထမ်းခဲ့သော ဦးအောင်ဇံဝေက ထိုနံနက်ခင်းကို 'လမ်းစဉ်အတွင်း'တွင် အောက်ပါကဲ့သို့ ထင်ထင်ရှားရှား မှတ်မိသမျှ ရေးသားထားသည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ နံနက် (၁၀)နာရီခန့်တွင် ကျွန်ုပ်ကိုယ်တိုင် တစ်ခဏတာမျှ ခံစားလိုက်ရသော အတွေ့အကြုံနှင့် အနိဋ္ဌာရုံမြင်ကွင်းမှာ ကျွန်ုပ်၏တစ်သက်တာတွင် မည်သည့်နည်းနှင့်မျှ မေ့၍မရနိုင်တော့ပေ။

သေနတ်သံများစဲသွားပြီးနောက် လူသတ်သမားများ ထွက်သွား၍ အသံဗလံများ ဆိတ်ငြိမ်သွားသောအခါတွင်မူ ကျွန်ုပ်နှင့် ဝန်ကြီးဦးဘဂျမ်းတို့သည် ဝမ်းလျားမှောက်နေရာမှ ထပြီး စားပွဲပတ်ဝန်းကျင်ကို ကြည့်မိကြသည်။ ကျွန်ုပ်မှတ်မိသောမြင်ကွင်းကို ဖော်ပြရလျှင် ပေ ၄၀ ပတ်လည်ခန့်မျှရှိသောခန်းမကြီးတစ်ခုလုံး ဆီးနှင်းများကျသကဲ့သို့ ယမ်းငွေ့များ တထောင်းထောင်းနှင့် ဖုံးလွှမ်းနေပြီး ကျည်ဆန်များကလည်း ကြမ်းပြင်ပေါ်တွင် ပြန့်ကြဲ၍နေပေသည်။



ဗိုလ်အောင်ကျော်လမ်း (ထိုစဉ်က စပတ်လမ်း) ဘက်သို့မျက်နှာပြုထားသော ဂငယ်သဏ္ဌာန် စားပွဲထပ်နှင့် ခပ်လှမ်းလှမ်းကြမ်းပြင်ပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်းမှာ တုံးလုံးလဲလျက် ငြိမ်သက်နေသည်။ စားပွဲလက်ယာဘက်တွင် မိုင်းပွန်စော်ဘွားကြီး စပ်စံထွန်းက သူ၏ကုလားထိုင်ပေါ်တွင် ထိုင်လျက် စားပွဲပေါ်သို့ကုန်း၍ လက်ထောက်ထားပြီး ပါးစပ်ကိုဟ ထားရာပါးစပ်မှ သွေးများယိုစီးကျနေသည်။

စားပွဲလက်ဝဲဘက်တွင် ထိုင်နေကြသော ဝန်ကြီး သခင်မြ သည် စားပွဲထိပ်လက်ဝဲဘက်ထောင့် စားပွဲအောက်နား၌ မှောက်လျက်လဲနေရာ သေဆုံးနေပြီဟု ယူဆရသည်။ ဝန်ကြီးမစ္စတာရာဇတ်၊ ဝန်ကြီး ဒီးဒုတ် ဦးဘချို၊ ဝန်ကြီး ဦးဘဝင်းနှင့် ဝန်ကြီး မန်းဘခိုင်တို့သည် သူတို့ ထိုင်မြဲကုလားထိုင်များတွင် ခေါင်းငိုက်စိုက်ကျလျက် ငြိမ်သက်နေကြသည်။

မစ္စတာရာဇတ်နှင့် ဒီးဒုတ်ဦးဘချိုတို့ နှစ်ဦးတည်းသာ မသေဆုံးကြသေးဘဲ အနည်းငယ်စီ အသက်ရှူရှိုက်လှုပ်ရှားနေသည်။ စားပွဲ၏ လက်ယာဘက် ကျွန်ုပ်နှင့် မိုင်းပွန်စော်ဘွားကြီး အကြားတွင် ထိုင်နေသော ဝန်ကြီးမှော်ဘွယ်ဦး

www.burmeseclassic.com

www.burmeseclassic.com



မြနှင့် စားပွဲထိပ် ဗိုလ်ချုပ်အောင်ဆန်း လက်ယာဘက်တွင် ထိုင်နေသော အတွင်းဝန် ဦးရွှေဘော်တို့နှစ်ဦးစလုံးမှာ အပြင်ဘက်သို့ အချိန်မီ ရောက်ရှိသွားနိုင်ခဲ့သဖြင့် အသက်ဘေးမှ လွတ်မြောက်သွားခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ လက်ဝဲဘက်တွင်ထိုင်သော အတွင်းဝန် ဦးအုန်းမောင် မည်သည့်ပုံစံဖြင့် သေဆုံးနေသည်ကိုမူ မမှတ်မိတော့ပါ။

ဦးစောသည် ထိုလုပ်ကြံမှုကြီးကို အောင်မြင်ထမြောက်အောင် လုပ်နိုင်ခဲ့ခြင်းမှာ ဇူလိုင်လ ၁၉ရက်နေ့ နံနက်တွင် ဝန်ကြီးများအစည်းအဝေး ပြုလုပ်မည့်သတင်းကို ဦးစောကြိုတင်သိရှိနေခြင်းကြောင့်ပင်ဖြစ်သည်။

## အခန်း (၁၆)
## စီရင်ချက်ချမှတ်ခြင်း

ဦးစောနှင့် အပေါင်းပါတို့ကို စစ်ဆေးရာတွင် အထူးခုံရုံးက မျှတမှန်ကန်စေအောင် အထူးကြိုးပမ်းခဲ့လေသည်။ ငွေကြေးမတတ်နိုင်သော တရားအမှုစစ်ဆေးရာတွင် တစ်ဖက်သတ်မပြုပေ။ အကျေအလည် ပြန်လှန်မေးမြန်းခွင့်၊ ပြောခွင့်၊ ဆိုခွင့်တို့ကို ပေးသည်။ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော နိုင်ငံ့ခေါင်းဆောင်ကို လုပ်ကြံသူများပါတကားဟု ကြိုတင်၍ စိတ်ပိုင်းဖြတ်ခြင်းမျိုးကို မပြုမိအောင် ကြိုးပမ်းသည်။ ထိုသို့ စိတ်ပိုင်းဖြတ်ထားခြင်းမရှိကြောင်းကို အမျိုးမျိုးသောနည်းများဖြင့် ပြသ၍ ထင်ရှားစေသည်။

နိုင်ငံက စိတ်ဝင်စားသောအမှုဖြစ်၍ ပြောကြ၊ ဝေဖန်ကြသည်များ ရှိသည်။ ထိုပြောစကားများကို အမှုတွင် လက်မခံရပေ။ ကိုယ်တိုင် အမှုနှင့် ဆီလျော်ပတ်သက်သည်ကို မြင်ရကြားရသူတို့က သူတို့မြင်ရ ကြားရသမျှကို သာ ထွက်ဆိုစေသည်။

တရားခံတို့သည် စွပ်စွဲသော ပြစ်မှုကို ကျူးလွန်ကြ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကို တရားလိုဘက်က အထင်အရှား သက်သေထူရသည်။ ထိုသို့ သက်သေမထူနိုင်လျှင် အမှုပျက်သည်။ တရားခံတစ်ဦးကို ထင်ကြေးနှင့် အပြစ်မပေးနိုင်ပေ၊ ရှေ့နေချုပ်ဦးထွန်းဖြူနှင့် အဖွဲ့သည် သက်သေပေါင်း ၁၃၁ ယောက်ကို စစ်ဆေးရန် စာရင်းတင်သည်။ တရားခံအချို့၏ ဖြောင့်ချက်များကိုလည်း တင်ပြနိုင်သည်။

ဦးစောအိမ်ဝင်းမှလည်းကောင်း၊ အနီးတစ်ဝိုက်မှလည်းကောင်း၊ ရေကန်တွင်းမှလည်းကောင်း ရှာဖွေတွေ့ရှိခဲ့သောလက်နက်၊ စစ်ဝတ်တံဆိပ်များ၊ ကားနံပါတ်ပြားစသောသက်သေခံပစ္စည်းများကိုလည်း တင်ပြနိုင်သည်။ သက်သေခံကွင်းဆက်များ ခိုင်ခန့်ရမည်။ အဆက်မပြတ်ရှိရမည်။ ထို့ကြောင့် သက်သေတင်ရာတွင် ပိုနေလျှင်မထောင်းတာ။ လိုနေလျှင် ခက်တတ်သည်။

နောက်ဆုံးတွင် သက်သေ ၇၇ ယောက်ကို စစ်ဆေးပြီး ပြည့်စုံလုံလောက်ပြီဟု တရားလိုဘက်မှ တွက်ချက်တာကျန်သက်သေများကို မစစ်ဆေးတော့ပါဟု ခုံရုံးကို ပြောကြားသည်။



တရားခံဘက်ကိုလည်း တရားလိုသက်သေများကို ပြန်လှန်မေးမြန်းခွင့်၊ စွဲချက်တင်လျှင် တင်ပြီးသောအခါ ပြန်ခေါ်၍မေးမြန်းခွင့် အပြည့်အစုံပေးရသည်။ တရားခံတို့က စွဲချက်တင်ပြီးလျှင် ကျမ်းနှင့် အစစ်ခံ သက်သေပြလိုပြ၊ အစွမ်းကုန် အပြည့်အဝရုံးက ပေးခဲ့သည်။

အင်းစိန်အကျဉ်းထောင်၌ပင် လုပ်ကြံမှုကို စစ်ဆေးခဲ့စေကာမူ လေ့လာသူများ၊ တရားခံများ၏ ဇနီး ဆွေမျိုးများ၊ သတင်းစာဆရာများကို တက်ရောက်ခွင့်ပြုခဲ့လေသည်။ သတင်းစာများကလည်း အမှုစစ်ဆေးပုံ အပြည့်အစုံကိုမပြတ်ဖော်ပြကြလေသည်။

လူသိရှင်ကြား စစ်ဆေးရသော်လည်း အမှုအကြောင်းမဟုတ်မတရားပြောခြင်း၊ သတင်းလွှင့်ခြင်း မပြုရပေ၊ ထိုသို့ ပြုလုပ်လျှင် တရားသူကြီးများ၊ ဂျူရီလူကြီးများ ပါဝင်စစ်ဆေးခဲ့လျှင် ယင်းလူကြီးများ၏ စိတ်ကို အနှောင့်အယှက်ဖြစ်စေတတ်သည်။ လုပ်ကြံမှုစစ်ဆေးနေရာတွင် ခုံရုံးကသတင်းစာနှစ်စောင်ကိုသာ သတင်းရေးသားခြင်းနှင့် ပတ်သက်၍ အစပိုင်းတွင် သတိပေးခဲ့ရသည်။ နောက်ပိုင်းတွင်

www.burmeseclassic.com

www.burmeseclassic.com



ကား မှုမှုတတ ပြည့်ပြည့်စုံစုံ အမှုသတင်းများကို ဖော်ပြကြလေသည်။

လုပ်ကြံမှုကြီးကိုမူ မှန်မှန်မြန်မြန် စစ်ဆေးစီရင်ခဲ့သည်။ ၁၉၄၇ ခုနှစ် စက်တင်ဘာလ (၂၀)ရက်နေ့တွင် အထူးခုံရုံးကို ဖွဲ့စည်းပြီး၊ အောက်တိုဘာလ ၈ ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်၌ စတင်၍ထိုင်၊ ၁၅ရက်နေ့တွင် သက်သေများကို စတင်စစ်ဆေးကာ ဒီဇင်ဘာလ ၃၀ရက်နေ့တွင် စီရင်ချက်ချနိုင်ခဲ့လေသည်။

## အခန်း (၁၇)

## ကြိုးပေးခံရသောဂျွန်ဦးစောနှင့်အပေါင်းပါများ

နိုင်ငံတော်လုပ်ကြံမှုကို ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် အထူးခုံရုံးက စီရင်ချက်ချမှတ်သည်။ စာမျက်နှာ ၈၄ မျက်နှာရှည်လျားသော စီရင်ချက် ချမှတ်သည်။ စာမျက်နှာ ၈၄ မျက်နှာရှည်လျားသော စီရင်ချက်ဖြစ်၍ နှစ်နာရီကျော်မျှ နာယကဦးကျော်မြင့်က ဖတ်ရသည်။

ရုံးတွင် လူစည်ကားနေသည်။ တရားခံများလည်း ရောက်ရှိနေကြသည်။ ဦးစောကား သူ၏ ရှေ့နေ တတားနှစ်အနီးတွင် ထိုင်လျက်ရှိသည်။

စီရင်ချက်ကို အင်္ဂလိပ်လို ရေးသားဖတ်ကြားသည်။

သက်သေထွက်ချက်များကို စေ့စုံစွာ သုံးသပ်ပြီး နောက်စွဲချက်များအတိုင်း မှန်ကန်ထင်ရှားသည်ဟု အထူးခုံရုံး ဆုံးဖြတ်လေသည်။ တရားခံတစ်ဦးစီအပေါ် သေဒဏ် သတ်မှတ်လေသည်။ အစိုးရသက်သေဘညွန့်ကိုလွှတ်သည်။

စီရင်ချက်မချမီ အသင့်ခေါ်ထားသော အကျဉ်းထောင် ဆရာဝန် ဒေါက်တာထွန်းဝင်အား ရုံးကတရားခံရန်

www.burmeseclassic.com

www.burmeseclassic.com



ကြီးအောင်ကို စစ်ဆေးကာ အသက်ခန့်မှန်းစေသည်။ ဒေါက်တာထွန်းဝင်းက ရန်ကြီးအောင်တွင် အထက်အံသွား ပေါက်နေပါပြီ။ အမွေးအမှင် စုံပါပြီ။ အင်္ဂါများ ဖွံ့ဖြိုးနေပြီ ဖြစ်၍ အသက် ၁၇ နှစ်မှ ၁၈နှစ်အကြား၌ ရှိပါလိမ့်မည်ဟု ထင်မြင်ချက်ပေးသည်။

ထိုအရွယ်အရောက်နေပြီဆိုလျှင် သူ့အားလည်း တရားဝင်သေဒဏ် ပေးနိုင်လေသည်။

စီရင်ချက်ဖတ်ကြားရာတွင် ငြိမ်၍ နားထောင်နေသော ဦးစောသည် သေဒဏ်ကျပြီဟု ကြားရသောအခါ မျက်နှာပျက်သွားသည်။ ဖြူရော်ရော်ဖြစ်လာသည်။ စီရင်ချက် ဖတ်ကြားပြီးသောအခါ၌ ထိုင်ရာမှထ၍ အမှုသုံးသပ်ချက် အချို့ကို ပြန်လှန်ချေပလေသည်။

သို့ရာတွင် အထူးခုံရုံးသည် အံပ်နှင်းသော အာဏာကို သုံးစွဲသွားပြီ။ တင်ပို့သောအမှုကို စစ်ဆေးစီရင်၍ပြီး လေပြီ။ စီရင်ဆုံးဖြတ်ချက်များ မှားယွင်းနေလျှင် အယူခံရုံး များက သင့်တော်သလို ပြင်ဆင်ရန်သာ ရှိတော့သည်။ အယူ ခံဝင်လိုက ၇ရက်အတွင်း အယူခံဝင်နိုင်ကြောင်း တရားခံများ



အား ပြောကြားပြီးနောက် အထူးခုံရုံးနာယကနှင့် အဖွဲ့ဝင်များ သည် တရားခွင်မှ သက်ဆင်းကြလေသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့ လွတ်လပ်ရေး အကြိုနေ့တွင် ဦးစောအတွက် ရှေ့နေမစ္စတာ ဟက်တာက ဟိုက်ကုတ်တွင် အယူခံလွှာတင်လေသည်။ ,

နောက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကို ကြေညာ သည်။ ဟိုက်ကုတ်သည် တရားလွှတ်တော် ဖြစ်လာသည်။ ယခင်က ဘုရင်က တရားလိုပြု၍ ဦးစောနှင့် အပေါင်းပါတို့ ကို တရားစွဲဆိုခဲ့ရသည်။ အယူခံမှုများကိုမူ 'ဦးစောနှင့် ပြည်ထောင်စု'ဟု အမည်တပ်သည်။

ကျန်တရားခံများကလည်း အကျဉ်းထောင်မှ အယူခံ ခံဝင်ကြသော်လည်း ရှေ့နေငှားရမ်းခြင်း မပြုနိုင်ကြပေ။ တရား လွှတ်တော်က သူတို့အတွက် အစိုးရစရိတ်ဖြင့် ငှားရမ်း ပေးရန် စီစဉ်သည်။ ခင်မောင်ရင်က ရှေ့နေကြီးကြီးကောင်း ကောင်း ငှားပေးပါ၊ ဒေါက်တာဘဟန်ကို ရနိုင်လျှင် ငှားပေး ပါဟု တောင်းဆိုသည်။ ဒေါက်တာဘဟန်က မလိုက်နိုင် ကြောင်းပြောသဖြင့် ခင်မောင်ရင်၊ သုခနှင့် မောင်နီတို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာ ဒီဂျေဒယ်နီယယ်ကို ငှာပေးသည်။ မောင်စိုး၊ သက်နှင်း ရန်ကြီးအောင်နှင့် မှုံကြီးတို့က သာယာဝတီမှ ရှေ့နေကြီး ဦးစံဝင်းကိုပင် ကျေနပ်ပါသည်ဟု ဆိုကြသည်။ သို့ရာတွင် ဦးစံဝင်းသည် တရားလွှတ်တော်တွင် အမှုလိုက်ပါခွင့်မရှိ၍ ဦးကြာခိုင်ကို ငှားရမ်းပေးရသည်။ မောင်စိန်အတွက် ဦးစောလှဖြူကို တရားလွှတ်တော်က ငှားရမ်းပေးသည်။ ရှေ့နေခကို ပထမနေ့အတွက် ၁၀၀ ကျပ်၊ နောက်နေ့များ အတွက် တစ်နေ့လျှင် ၇၅ ကျပ်ခွင့်ပြုရန် တရားရေးဌာနနှင့် စီစဉ်ပေးသည်။

ဦးစောနှင့်အပေါင်းပါတို့က အယူခံမဝင်ကြလျှင် လည်း အထူးခုံရုံးက ချမှတ်သော သေဒဏ်ကို စီရင်ရမည် မဟုတ်သေးပေ။

တရားလွှတ်တော်က သေဒဏ်ပေးထားသော ရာဇဝတ်မှုများကို ပြန်လည်သုံးသပ်ရသေးသည်။ အတည်ပြု မှသာ ပြစ်ဒဏ်စီရင်ရလေသည်။ ထို့ကြောင့် ဦးစောနှင့် အခြား တရားခံများက တင်သွင်းကြသော အယူခံမှုနှင့် တရားလွှတ်တော်က အလိုအလျောက်ဖွင့်ရသော ပြန်လည်



သုံးသပ်မှုကို အတူပူးတွဲ၍ လျှောက်လဲကြားနာကြလေသည်။

ဦးစောက အကျဉ်းထောင်မှနေ၍ မတ်လ ၃ ရက် နေ့စွဲဖြင့် အယူခံရုံးသို့ အကြောင်းအချက်များ ဖြည့်စွက်၍ တင်ပြပေးသည်။ သူ၏ နိုင်ငံရေးသက်တမ်း အနှစ် (၃၀)တွင် အကြမ်းဖက်မှု မပြုခဲ့၊ ဝါသနာ မပါခဲ့ပါ။ ဘည္ဓန်ကသာ လုပ်ကြံမှုကြီးကို သူမသိရဘဲ ကြံစည်တိုက်လွှန်း ခဲ့ခြင်းဖြစ်ပါသည်။ ဘရင်းသေနတ်များကို ထုတ်ယူခဲ့ပြီး နောက် သွေးနားထင်ရောက် အထင်ကြီးသွားသော ဘည္ဓန် ၏လက်ချက်မျှသာ ဖြစ်ပါသည်။

တူတော်သူ ခင်မောင်ရင်သည်လည်း ဘည္ဓန့်ကို အားကျပြီး နိုင်ငံရေးလောဘဝင်ကာ မဟုတ်တာလုပ်၊ မမှန် တာ ပြောခဲ့ခြင်းဖြစ်ပါသည်။ တရားဝန်ကြီးများ၏ တူတစ် ယောက်က တရားဝန်ကြီးများ၏ မော်တော်ကားကို ယူသွား ပြီး မြို့ထဲတွင် လုယက်သည်ဆိုပြီး ပြီးလျှင် သူကတရားဝန် ကြီးများကို ဆွဲထည့်ကာဖြောင့်ဆိုရုံမျှနှင့် တရားဝန်ကြီးများကို ပြစ်ဒဏ်ပေးသင့်ပါသလား၊ စဉ်းစားကြပါ။

အမှုအတွင်းသတင်းစာများက ရေးသားကြသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လူထုကလည်း သူ့အပေါ် အမျက်ဒေါသထွက်၊ အထူးခုံရုံးကလည်း အစွဲအလမ်းရှိနေခဲ့သဖြင့် အမှန်တရား မရခဲ့ပါ။ အထူးခုံရုံးနာယကမှာလည်း နိုင်ငံရေးတွင် သူနှင့် အတိုက်အခံ လုပ်ခဲ့ဖူးသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ အမှန်ကို ဖြစ်စေရန် အယူခံကို ဆုံးဖြတ်ပေးကြပါဟု တောင်းဆိုလေသည်။

တရားလွှတ်တော်က မတ်လ (၈)ရက်နေ့တွင် စာမျက်နှာ ၅၀ ရှိသော စီရင်ချက်ဖြင့် အယူခံများကို ပယ်လေသည်။ သေဒဏ်ပေးခြင်းနှင့် ပတ်သက်၍ ပြစ်မှု၏ ပမာဏနှင့် နှိုင်းချိန်လျှင်လည်းကောင်း၊ အယူခံတရားလိုတစ်ဦးစီ၏ ပါဝင်ကျူးလွန်ခဲ့ခြင်းနှင့်နှိုင်းချိန်လျှင်လည်းကောင်း လျှော့ပေါ့ပေးရန် မမြင်ပေ၊ သမ္မတကသာလျှင် ကရုဏာထား၍ လျှော့ပေါ့ပေးလိုလျှင် ပေးရန် ဖြစ်ပေသည်ဟု မှတ်ချက်ပြုလေသည်။

ဦးစောနှင့် အပေါင်းအပါများကို ရုံးများက မျှမျှတတ စစ်ဆေးခဲ့သည်ဟု အများက မြင်ကြသည်။ တရားလွှတ်တော်က အယူခံများကို အခွင့်ထူးကို လျှောက်ထားတောင်း



ဆိုနိုင်ကြသည်။ ဗမာပြည်သည် လွတ်လပ်သော နိုင်ငံအဖြစ် ရပ်တည်နေပြီဖြစ်ရာ ပရီဗီကောင်စီသို့ အယူခံလမ်းမရှိတော့ပေ။ တရားလွှတ်တော်ချုပ်သည် ပရီဗီကောင်စီက သုံးစွဲခဲ့သော အာဏာများကို အပြည့်အဝ ကိုင်ဆောင်သုံးစွဲလျက် ရှိသည်။

ဦးစော၊ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင် နှင့် မှုကြီး တို့က အခွင့်ထူးအယူခံဝင်ရန် လျှောက်ထားကြလေသည်။ ဦးစောအတွက် မစ္စတာဟက်ဘေ့နှင့် ကျန်လျှောက်ထား သူတို့အတွက် ဦးကြာခိုင်ကပင် လိုက်ပါဆောင်ရွက်ကြသည်။ ရှေ့နေချုပ်ဦးချန်ထွန်းက အစိုးရအတွက် ဆောင်ရွက်သည်။

တရားလွှတ်တော်ချုပ်၊ တရားဝန်ကြီးချုပ် ဆာဘဦး၊ တရားဝန်ကြီး ဦးအေးမောင်နှင့် တရားလွှတ်တော် တရားဝန်ကြီးချုပ် ဦးသိန်းမောင်တို့က လျှောက်လဲချက်များကို ကြားနာကြသည်။ တရားလွှတ်တော်ချုပ် တရားဝန်ကြီးတစ်ဦးဖြစ်နေသော ဦးကျော်မြင့်က အထူးခုံရုံးတွင် နာယကအဖြစ် အမှုကို စစ်ဆေးစီရင်ခဲ့ပြီးဖြစ်သဖြင့် အခွင့်ထူးအယူခံဝင်ရန် ခွင့်ပြုတော့ပေ။ တရားလွှတ်တော်ချုပ်က တောင်းခံသော အခွင့်

www.burmeseclassic.com



ထူးအယူခံဝင်ခွင့်ကို မပေး။ လျှောက်လွှာများကို ပယ်လေသည်။

စာမျက်နှာ ၅၇ မျက်နှာရှိသော စီရင်ချက်ကို ရေးသားသော တရားဝန်ကြီးဦးအေးမောင်က ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တရားလွှတ်တော်ချုပ်သည် နောက်ဆုံးအယူခံရုံးဖြစ်သည်။ ပရီဗီကောင်စီက တက်ရောက်ရန် မရှိတော့ပေ။ သို့ရာတွင် ပရီဗီကောင်စီက ယခင်အခါများတွင် မြန်မာနိုင်ငံမှ ရာဇဝတ်အယူခံအမှုမျာူကို စဉ်းစားခဲ့ကြရာ၌ မည်သို့သော အမှုများကို အယူခံဝင်ခွင့် မပြုဟူသောမှုများ ချမှတ်ခဲ့လေသည်။ ထိုအမှုများကို တရားလွှတ်တော်ချုပ်က မလိုက်နာလျှင် မနေရ မဟုတ်သော်လည်း မှုတ၍ အတွေ့အကြုံရည်ဝသော မှုများဖြစ်ကြသောကြောင့် လေးစားစွာ စဉ်းစားသင့်သည်။

၁၉၄၈ခုနှစ် ဧပြီလ ၂၇ရက်နေ့တွင် တရားလွှတ်တော်ချုပ်က ဦးစောတို့၏ လျှောက်လွှာများကို ပယ်ခဲ့သည်။

အခြားသောတရားခံများက တရားလွှတ်တော်ချုပ်သို့ လျှောက်ထားခြင်းမပြုတော့ဘဲ နိုင်ငံတော်သမ္မတထံ အသနားခံကြသည်။



သမ္မတတွင် ပြစ်ဒဏ်ကိုလျှော့ပေါ့နိုင်သည့် အာဏာ၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သည့် အာဏာရှိလေသည်။ သေဒဏ်ကို တရားရုံးကသတ်မှတ်၍ နောက်ဆုံးအယူခံရုံးများက အတည်ပြုပြီးလျှင် အမှုများကို သမ္မတထံတင်ပြ၍ အမိန့်ခံယူသောလုပ်ထုံး ရှိသည်။ ထိုလုပ်ထုံးအရ ဦးစောနှင့် လေးဦးတို့၏ အမှုများကိုလည်းကောင်း၊ အသနားခံစာတင်ကြသော တရားခံများကိုလည်းကောင်း တရားရေးဌာနက စီစစ်၍ သမ္မတထံ တင်ပြခဲ့လေသည်။

ထိုအချိန်က နိုင်ငံတွင် မငြိမ်မသက်ဖြစ်လာပြီ။ ကွန်မြူနစ်ပါတီများ တောခို၍ သောင်းကျန်းကြပြီ။ ဟိုအဖွဲ့သည်အဖွဲ့ကလည်း ပြင်းထန်စွာအရေးဆိုနေကြသည်။ အားစုနေကြသည်။ နိုင်ငံခြားမှ တိုးဝင်စွက်ဖက်မည့် ဘေးအန္တရာယ်ကိုလည်း သတိထား၍ စောင့်ကြည့်နေရသည်။ ထို့ကြောင့် ဦးစောကဲ့သို့ လုပ်ကြံမှုကြီး၏ ခေါင်းဆောင်ကိုလည်းကောင်း ကာယကံမြောက် သွားရောက်သတ်ဖြတ်ခဲ့ကြသူများကိုလည်းကောင်း လျှော့ပေါ့သော ပြစ်ဒဏ်ပေးရန် အခြေအနေ

www.burmeseclassic.com



က ခွင့်မပြုပေ။

မေလ ၅ ရက်နေ့စွဲပါ တရားရေးဌာနအတွင်းဝန် ဦးစံညွန့်၏ အမိန့်ဖြင့် ခင်မောင်ရင်အပေါ် ချမှတ်ထားသော သေဒဏ်ကို တစ်သက်တစ်ကျွန်းဒဏ်သို့ သမ္မတက လွှဲပြောင်းလျှော့ပေါ့ပေးခဲ့သည်။ ကျန်တရားခံများအပေါ် ချမှတ်ထားသော သေဒဏ်ကို စီရင်ရန်ဖြစ်သည်။

မေလ ၆ ရက်နေ့စွဲဖြင့် အတွင်းဝန်ဦးစံညွန့်က အမိန့်တစ်ရပ် ထုတ်ပြန်သည်။ သုခနှင့် မောင်နီတို့သည်လည်း သေဒဏ်မှလွတ်၍ တစ်သက်တစ်ကျွန်းဒဏ်ကိုသာ ကျခံစေရမည်ဟု သမ္မတဆုံးဖြတ်လိုက်သည်။

ကြိုးပေးရန် နီးကပ်လာပြီဖြစ်၍ ရန်ကုန်ဗဟိုအကျဉ်းထောင်၌ ကြိုးခန်းများတွင် သွင်းထားပြီးဖြစ်သော မောင်နီ၊ သုခ၊ စိန်ကြီးနှင့် ရန်ကြီးအောင်တို့အတွက် ဘုန်းကြီးများပင့်ဖိတ်၍ တရားနာစေသည်။ သရဏဂုံတင်ပေးသည်။ စိန်ကြီးကမထူးပြီဆို၍ သရဏဂုံ အတင်မခံ။ သရဏဂုံတင်သောနေ့ညနေစောင်းမှသာ သုခနှင့်မောင်နီတို့ သေဒဏ်မှလွတ်ကြောင်း စာရောက်လာသည်။ သူတို့ကို ကြိုးခန်းမှ အခြားအ



ဆောင်သို့ ပြောင်းပေးလိုက်ကြလေသည်။

၁၉၄၈ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့ မွန်းလွဲပိုင်းတွင် အင်းစိန်အကျဉ်းထောင်၌ ဦးစောသည် ဇနီး၊ သမီးတို့နှင့်အတူ မိုးညှင်းသိဂီကျောင်းတိုက်၊ ရေလဲဦးပဏ္ဍိစ္စဆရာတော်ထံမှ လက္ခဏာရေးသုံးပါးတရား နာရသည်။

မေလ (၈) ရက်နေ့ အာရုဏ်တက်တွင် ဦးစော၊ မောင်စိုး၊ သက်နှင်းနှင့် မှုကြီးတို့ကို အင်းစိန်အကျဉ်းဆောင်အတွင်း၌ ကြိုးပေးသည်။ စိန်ကြီးနှင့် ရန်ကြီးအောင်တို့ကို ရန်ကုန်ဗဟိုအကျဉ်းထောင်အတွင်း၌ တစ်ချိန်တည်းလိုကြိုးပေးသည်။

ဦးစောသည် သူ့အား သောက်ရန်ပေးထားသော နံနက်လက်ဖက်ရည်ကို အခန်း၌ ဆွမ်းကပ်ခဲ့သည်။ ဖယောင်းတိုင်သုံးတိုင် ထွန်းညှိ၍လည်း ပူဇော်ခဲ့သည်။ ပြီးမှ အပြင်တွင် စောင့်နေကြသော အကျဉ်းဌာနမင်းကြီး ဦးဘမောင်၊ ဦးသန်းနွဲ့ (ဦးဘမော်၏သား၊ ယခု အငြိမ်းစား အကျဉ်းဌာနမင်းကြီး)၊ ဆရာဝန်၊ တရားသူကြီး စသူတို့ကို ပြုံးရွှင်စွာနှုတ်ဆက်သည်။ ဦးစောသည် ရှမ်းဘောင်းဘီမီးခိုးရောင်ကို သပ်သပ်ရပ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စားထားသည်။ ကြိုးစင်ရှိရာသို့ ထွက်ခွာလာကြရာ ဘုရားရုပ်ပွားတော်တစ်ဆူ တည်ထားကိုးကွယ်ရာကို လွန်လာသဖြင့် ပြန်လှည့်၍ ဒူးတုပ်ဝပ်ချသည်။ ကြိုးစင်ဘက်သို့ ဆက်လက်ထွက်ခွာကြရာတွင် မြင်ရာလူကို လှမ်း၍ နှုတ်ဆက်သည်။ မမြင်ရသူကို မေး၍ နှုတ်ဆက်လိုက်ကြောင်းမှာကြားသည်။ အထူးခုံရုံးနာယက ဦးကျော်မြင့်နှင့်တကွ သူ့အပေါ် တာဝန်အရ ဆောင်ရွက်ရသည့်သူများအား မုန်းထားမှုမရှိပါဟု မှာကြားခဲ့သည်။

ထို့နောက် တည်တည်ငြိမ်ငြိမ်ပင် ကြိုးစင်ပေါ်သို့ တက်သွားလေသည်။

**အာဏာနည်သွေး**

**ဆရာစံမြ**

**စုစည်းတင်ပြသည်။**

BURMESE CLASSIC .com



## ကျမ်းကိုးစာရင်း

၁။ တရားသူကြီးချုပ် ဒေါက်တာမောင်မောင်
နိုင်ငံတော်လုပ်ကြံမှု
၂။ ဦးဖေခင်၏ ကိုယ်တွေ့ပင်လုံ
၃။ ဦးလေးမောင်၏ မြန်မာ့နိုင်ငံရေး သမိုင်း
၄။ ရဲသွေးထက်၊ မြန်မာနိုင်ငံအရေး လုပ်ကြံသူ
ဂဠုန်ဦးစော

www.burmeseclassic.com